# မြဝတီ နေ့စဉ်

တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကိုဖော်ဆောင်ပေးသည့် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၅၇)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောကဦ၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**ဒီမိုကရေစီပန်းတိုင်ဆီ လှမ်းကိုင်ရည်ဖို့ မဲပေးစို့။**

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၈၀ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် )

**ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) နှင့် အပိုင်း (၂) တွင်ပါဝင်သည့် မြို့နယ်များအတွက် မဲဆွယ်စည်းရုံးခွင့်ကာလနှင့် ရပ်နားထားရမည့်နေ့ရက်များကို ၂၈-၁၁-၂၀၂၅ ရက်နေ့တွင် ကြေညာချက် ( ၁၅၁/၂၀၂၅ ) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃)တွင် ပါဝင်သည့် မြို့နယ် ၆၃ မြို့နယ်စာရင်းကို ၂၅-၁၂-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် ( ၁၇၀/၂၀၂၅ )ဖြင့် ထုတ်ပြန် ကြေညာခဲ့ပြီးဖြစ်သဖြင့် ရွေးကောက်ပွဲအပိုင်း (၃)တွင်ပါဝင်သည့်မြို့နယ်များအတွက်ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို ၁၂ - ၁ - ၂၀၂၆ ရက်နေ့မှစ၍ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး **၂၃ - ၁ - ၂၀၂၆ ရက်နေ့ ည ၁၂၀၀ နာရီအချိန်မှ ၂၅ - ၁ - ၂၀၂၆ ရက်နေ့ အပိုင်း (၃) ရွေးကောက်ပွဲကျင်းပပြီးသည်အထိ** ရပ်နားထားရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲ အပိုင်း (၃) မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို ၂၃ - ၁ - ၂၀၂၆ ရက်နေ့ ည ၁၂၀၀ နာရီအချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းရမည်ဖြစ်ပါသည်။

၃။ မဲဆွယ်စည်းရုံးခွင့်သတ်မှတ်ကာလအတွင်း လက်ကမ်းစာစောင်များ ရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချီခြင်း၊ ကြော်ငြာဆိုင်းဘုတ်များ၊ ဗီနိုင်း ပိုစတာများစိုက်ထူချိတ်ဆွဲခြင်း၊ စုဝေးဟောပြောခွင့်နှင့် မီဒီယာများမှ မဲဆွယ်စည်းရုံးခွင့်တို့ကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၀-က နှင့် နည်းဥပဒေ အခန်း ( ၁၀ ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပြီး ရွေးကောက်ပွဲအပိုင်း (၁) နှင့် (၂) မြို့နယ်များ အတွက် မဲဆွယ်စည်းရုံးသည့်ကြော်ငြာ၊ **စာမျက်နှာ ၁၆ ကော်လံ ၄ ➢**

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲ ဧက ၁၅၀၀ ကျော် စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဒီဇင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲ ဧက ၁၅၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲ ၃၁၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ၁၅၀၈ ဧက အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **စာမျက်နှာ ၁၅ ကော်လံ ၁ ♦**



## ဆောင်းပါး

**စည်းလုံးညီညွတ်မှုဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည့် အမိမြန်မာပြည်လွတ်လပ်ရေး** စာ - ၁၃ သို့

**ကျောက်ကပ်အားကောင်းစေပြီး ကျောက်ကပ်ပျက်စီးခြင်းမှကာကွယ်နိုင်သည့် အစားအစာများ** စာ - ၈ သို့






## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်)

# လွတ်လပ်၍တရားမျှတသည့် အောင်မြင်သောရွေးကောက်ပွဲ

မြန်မာနိုင်ငံ၏ရွေးကောက်ပွဲသမိုင်းတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်ကကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ထူးခြားထင်ရှား၍ အောင်မြင်သောရွေးကောက်ပွဲဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ၏ ကောင်းမွန်ဖွံ့ဖြိုးတိုးတက်သောအနာဂတ်ကိုဖော်ဆောင်နိုင်ရန်အတွက် ဂုဏ်သိက္ခာရှိသောရွေးကောက်ပွဲအဖြစ်မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်သည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲ၏တရားမျှတမှု၊ လွတ်လပ်မှု၊ ပွင့်လင်းမြင်သာရှိမှုတို့သည် အဓိကအချက်များဖြစ်သည်။ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် လုပ်နိုင်ကိုင်နိုင်စွမ်းရှိသော အရည်အချင်းရှိသည့် လူပုဂ္ဂိုလ်နှင့် ခိုင်မာအားကောင်းသောနိုင်ငံရေးပါတီများကို မဲဆန္ဒရှင်ပြည်သူများက ရွေးချယ်ဆန္ဒမဲပေးကြရခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နေသည့်အချိန်တွင် ရွေးကောက်ပွဲဆောင်ရွက်မှုသည် အခြေခံလမ်းစ သို့မဟုတ် အခြေခံအုတ်မြစ်ဖြစ်သည်။ ရွေးကောက်ပွဲဆိုသည်မှာ တရားမျှတမှု၊ မှန်ကန်မှုနှင့်အစစ်အဆေး အစမ်းသပ်ခံနိုင်မှုရှိနေရမည်ဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်ကိုအသုံးချပြီး နိုင်ငံ၏အနာဂတ်လမ်းကြောင်းကို ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်သည်။ ရွေးကောက်ပွဲအပိုင်း(၁)တွင် နိုင်ငံတစ်ဝန်း မြို့နယ်ပေါင်း ၁၀၂ မြို့နယ်ရှိမဲရုံများ၌ ပြည်သူများအနေဖြင့် နံနက် ၆ နာရီမှမဲရုံပိတ်သိမ်းသည်အထိ မည်သည့်ဖိအားတစ်စုံတစ်ရာမပါရှိဘဲ မိမိတို့၏ဆန္ဒအလျောက် လွတ်လွတ်လပ်လပ် တက်တက်ကြွကြွစည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာ ဆန္ဒမဲပေးခဲ့ကြသည်မှာ အားလုံးမြင်တွေ့ကြရပြီးဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၂၈ ရက်က နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ်(၁)၌ ပါဝင်ဆန္ဒမဲပေးခဲ့သည်။ ဆန္ဒမဲပေးပြီးချိန်တွင် မဲရုံသို့လာရောက်သတင်းရယူကြသည့် ပြည်တွင်းပြည်ပသတင်းမီဒီယာများက "ရွေးကောက်ပွဲကို ဦးစီးဦးဆောင်ကျင်းပဖို့စီစဉ်သူတစ်ဦးအနေနဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ကြောင်း ဘယ်လောက်အာမခံချက်ပေးနိုင်ပါသလဲ။ ပြည်သူကိုဘာသတင်းစကားများပါးချင်ပါသလဲ" ဟုမေးခဲ့သည်။

နိုင်ငံတော်အကြီးအကဲက **"လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲကို ဒီနေ့မဲပေးတာကြည့်လိုက်ရင်သိလိမ့်မယ်။ နောက်ပြီး မဲပေးဖို့အတွက်ကြိုတင်ကဏ္ဍတွေရှိတယ်။ အကြိုကာလတွေပေါ့။ အဲဒီမှာပါတီတွေရဲ့လုပ်ဆောင်ချက်တွေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းရဲ့လုပ်ဆောင်ချက်တွေ၊ ရွေးကောက်ပွဲကော်မရှင်တွေရဲ့လုပ်ဆောင်ချက်တွေကိုကြည့်လိုက်ရင်လည်း တွေ့ပါလိမ့်မယ်။ ဒီနေ့မဲပေးတဲ့အခါမှာလည်း မဲပေးပြီးညနေကျရင်လည်း အသံထွက်လာမှာပဲလေ။ မဟုတ်ဘူးလား။ အဲဒီကျရင်ပြောလို့ရတာပေါ့။ ကျွန်တော်တို့က လွတ်လပ်ပြီးတရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲဖြစ်မယ်လို့အာမခံထားတယ်။ တပ်မတော်ကလုပ်တာ နာမည်ပျက်မခံဘူး"** ဟူ၍ ထည့်သွင်းဖြေကြားခဲ့သည်။

တပ်မတော်သည် ပြည်သူလူထု၏အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားသည့်အတွက် ပြည်သူလူထု၏ကောင်းကျိုးကိုသာ ရှေးရှုဆောင်ရွက်ခဲ့သည်။ ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်သို့ကူးပြောင်းမှုဖြစ်သည့် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွတ်လပ်မှုနှင့်တရားမျှတမှုရှိသော ရွေးကောက်ပွဲကို တပ်မတော်ကဦးဆောင်ကျင်းပနိုင်ခဲ့သည်။ ယခုကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲအပိုင်း(၁)တွင်လည်း ပြည်သူလူထု၏ တစ်ခဲနက်မဲများလာရောက်ပေးနေမှု၊ ပြည်ပနိုင်ငံများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအား လွတ်လွတ်လပ်လပ်စောင့်ကြည့်စေနိုင်မှု၊ သတင်းမီဒီယာများနှင့် တွေ့ဆုံမှုများကိုကြည့်ခြင်းအားဖြင့် ရွေးကောက်ပွဲ၏လွတ်လပ်မှုကိုမြင်တွေ့နိုင်ခဲ့ပြီဖြစ်သည်။

အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်မှုမရှိစေရေး၊ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစွာမဖြစ်ပေါ်လာစေရေး နည်းလမ်းမျိုးစုံဖြင့် အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်ခဲ့သည်။ ထို့ပြင် ပြည်ပြေးပြည်ဖျက်မီဒီယာများက မမှန်မကန်ရေးသားထုတ်လွှင့်အသရေဖျက်ခြင်းမျိုးစုံလုပ်ဆောင်ခဲ့သည်။ မည်ကဲ့သို့လုပ်ဆောင်ခဲ့ကြသည်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့်ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားထောက်ခံသူ ပြည်သူလူထုမဲဆန္ဒရှင်များအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၊ သံတမန်များ၊ သတင်းမီဒီယာများနှင့် ကိုယ်တိုင်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ရှေ့မှောက်တွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အောင်မြင်ပြီးမြောက်အောင်ကျင်းပခဲ့ပြီဖြစ်သည်။ မှန်ကန်သောမေတ္တာ၊ စေတနာသည် နိုင်ငံတော်၏ကောင်းကျိုးကို ထင်ဟပ်စေခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၏ လွတ်လပ်ခြင်း၊ တရားမျှတခြင်း အောင်မြင်မှုဂုဏ်သတင်းမှာ အရပ်မျက်နှာအားလုံးသို့ပျံ့နှံ့သွားခဲ့ပြီဖြစ်ကြောင်းကို နိုင်ငံတကာသတင်းများတွင်တွေ့မြင်ကြရပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ ရွေးကောက်ပွဲအပေါ်တကယ့်စိတ်ဆန္ဒအမှန်နှင့်ကြိုးပမ်းခဲ့မှု၊ ပြည်သူများ၏ပြင်းပြစွာဆန္ဒရှိမှုများကို ဤရွေးကောက်ပွဲကြီးတွင် ထင်ထင်ရှားရှားမြင်ကြပြီးဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် လွတ်လပ်၍တရားမျှတသည့် အောင်မြင်သောရွေးကောက်ပွဲအဖြစ် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်ခဲ့ပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့်အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

# အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၀

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စု ရွှေဟင်္သာကျောင်းတိုက်၌ နေပြည်တော်ကောင်စီမှကြီးမှူးကျင်းပသော မြို့နယ်လုံးဆိုင်ရာ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး ဥတ္တရသီရိမြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အောင်သစ္စာလဲဝန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တကုဏ္ဍလထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ပရိတ်တရားတော်များနာယူကြည်ညိုကြသည်။

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်များထံသို့ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့်နဝကမ္မအလှူတော်ငွေများ အသီးသီးဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသထံမှ သာဓုအနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက အလှူရှင်များအား ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ ပေးအပ်လှူဒါန်းပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲကျင်းပ

ကျောက်ဆည် ဒီဇင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ စုပေါင်းခန်းမ၌ ကျောင်းသား၊ ကျောင်းသူလူငယ်များ စာဖတ်ရှုမြင့်မားရေး (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲကို ဒီဇင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင် ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်သည့် အလေ့အကျင့်များ ရရှိလာစေရန်နှင့် စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရေး၊ စာကြည့်တိုက်နှင့်အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့်စိတ်များဖြစ်ပေါ်လာရေး၊ ယဉ်ကျေးလိမ္မာပြီးထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရေးနှင့် ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက မျိုးချစ်စိတ်များရှင်သန်ခိုင်မာရေးအတွက် ပြိုင်ပွဲများကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲများကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိတို့က ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ထို့နောက် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်များနှင့် အသိပညာပေးနံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# လာမည့်ဘဏ္ဍာနှစ်အတွင်း ကော့သောင်းမြို့နယ်၌ ဆီအုန်းဧက ၁၀၀ ခန့် စိုက်ပျိုးရန်လျာထား



ကော့သောင်း ဒီဇင်ဘာ ၁၀

လာမည့်ဘဏ္ဍာနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် ရေတံခွန်ဆီအုန်းခြံနှင့် မလိဝမ်းဆီအုန်းခြံတို့၌ ဆီအုန်းဧက ၁၀၀ ခန့် စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

ကော့သောင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပြည်တွင်း၌ စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်ပမှ စားသုံးဆီဝယ်ယူတင်သွင်းမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါဆီအုန်းစိုက်ပျိုးမှုအောင်မြင်စေရန် ဆီအုန်းမျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများနှင့် နည်းပညာများကို အပြည့်အဝအသုံးချစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"လာမယ့်ဘဏ္ဍာနှစ်မှာ ကော့သောင်းမြို့နယ်က စိုက်ပျိုးရေးဦးစီးဌာနပိုင် ရေတံခွန်ဆီအုန်းခြံနဲ့ မလိဝမ်းဆီအုန်းခြံတို့မှာ ဆီအုန်းဧက ၁၀၀ စိုက်ပျိုးမှာပါ။ ရေတံခွန်ခြံမှာ ဧက ၅၀ နဲ့ မလိဝမ်းခြံမှာ ဧက ၅၀ စုစုပေါင်းဧက ၁၀၀ စိုက်ပျိုးမှာပါ။ ဆီအုန်းစိုက်ပျိုးရာမှာ ပြည်ပက အထွက်ကောင်းမျိုးနဲ့ ပြည်တွင်းက မျိုးနှစ်မျိုးကို စိုက်ပျိုးမှာပါ" ဟု ကော့သောင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ကပြောသည်။

ဆီအုန်းဧက ၁၀၀ စိုက်ပျိုးရခြင်းမှာ သက်တမ်းလွန်ကြီးရင့်လာသော ဆီအုန်းအပင်အိုများသည် အထွက်နှုန်းကျဆင်းလာသည့်အတွက် အပင်ပျိုများနှင့် အစားထိုးစိုက်ပျိုးခြင်းဖြင့် ဆီအုန်းအထွက်နှုန်းတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ကာ ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုသို့စိုက်ပျိုးရန် ယခုအခါ မလိဝမ်းဆီအုန်းခြံ၌ စုစုပေါင်း ဆီအုန်းပျိုးပင် ၅၃၀၀၀ ကျော်ကို အဆင်သင့်ပျိုးထောင်ထားပြီး အဆိုပါဆီအုန်းပျိုးပင်များကို ၂၀၂၆ ခုနှစ် ဇွန်လကုန်တွင် သတ်မှတ်နေရာ၌ အပြီးစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆီအုန်းပင်များကို ငါးနှစ်ပြည့်သည့်အချိန်မှစ၍ ခူးဆွတ်ကာ စီးပွားဖြစ်ဆီထုတ်လုပ်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ တနင်္သာရီတိုင်းဒေသကြီးသည် ဆီအုန်းအဓိကစိုက်ပျိုးသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ဆီအုန်းသည် ဆီထွက်သီးနှံများအနက် တစ်ဧကဆီအထွက်နှုန်းအကောင်းဆုံး နှစ်ရှည်ပင်တစ်မျိုးဖြစ်ပြီး စိုက်ပျိုးစရိတ်လည်း အကုန်အကျသက်သာကြောင်း သိရသည်။

ဆောင်းဦး

# သာပေါင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၉၀၀၀ ကျော် ရိတ်သိမ်းပြီးစီး



သာပေါင်း ဒီဇင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၉၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူ၏ပြောဆိုချက်အရ သိရသည်။

သာပေါင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၆၈၂၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့်စပါးများကို ယခုနှစ် နိုဝင်ဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိအချိန်ထိ စပါး ၉၅၈၄ ဧကအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးဧက ၆၈၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ စပါးဧက ၉၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးတွေက အထွက်နှုန်းကောင်းပါတယ်။ မိုးစပါးတွေ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ဒေါ်အေးအေးမူက ပြောသည်။

သာပေါင်းမြို့နယ်၌ ပြန်လည်ရိတ်သိမ်းခဲ့သည့်စပါးများ တစ်ဧကလျှင် ၁၀၅ ဒသမ ၁၈ တင်းခန့်ထွက်ရှိခဲ့ကြောင်း၊ အဆိုပါမိုးစပါးများကို စိုက်ဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းတိုးတက်စေရေးနှင့် အရည်အသွေးကောင်းစပါးများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သုတကျော်

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကာယ ဉာဏစွမ်းရည်ပြိုင်ပွဲ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲအခမ်းအနားကို ဒီဇင်ဘာလ ၉ ရက်က တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးဝင်းအတွင်း ပြသထားသော လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကိုကျင်းပရာ မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

ယင်းနောက် အသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင် စာရေးဆရာမ မြမဉ္ဇူဝေ(ကျုံမငေး)က တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံအကြောင်းအရာများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသူများက လွတ်လပ်ရေးနေ့နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ စာရေးဆရာမ မြမဉ္ဇူဝေ(ကျုံမငေး)က ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

တာမွေမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လွတ်လပ်ခြင်း၏အနှစ်သာရကို ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး အာဇာနည်ခေါင်းဆောင်ကြီးများ၏ အသက်သွေးချွေးစတေးကာ ရယူပေးခဲ့သည့် လွတ်လပ်ရေးကို အစဉ်အမြဲမြတ်နိုးတန်ဖိုးထားတတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အသိပညာပေးဟောပြောပွဲ၊ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲများ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)



# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

မေမေကြီးသည် ယောဂီရောင်ထဘီကို ဝတ်ထားသည်။ ဒီနေ့ ဥပုသ်စောင့်လိမ့်မည်ထင်သည်။ အမာညို သဘောကျသွားသည်။ မေမေကြီးဥပုသ်စောင့်ပါက ညနေပိုင်းတွင် မေမေကြီးအတွက် ကြံရည်ဝယ်ရသည်။ မေမေကြီးက အနည်းငယ်သာသောက်သဖြင့် ပိုသောကြံရည်ကို အမာညိုအမြဲသောက်ရလေသည်။

'မေမေ ငရုတ်သီးက ဒီလောက်တော်ပြီလား'

'တော်ပြီသားလေး အစေ့တွေထုတ်မပစ်နဲ့နော်၊ ညက်အောင်ထောင်း၊ ငရုတ်သီးက တစ်ပိဿာ လေးကျပ်စျေး သိရဲ့လား'

ညီလင်းသည် ငရုတ်သီးထောင်းလျှင် ငရုတ်သီးထဲမှ အစေ့များကိုထုတ်ပစ်ပြီး အသားချည်းသက်သက် ထောင်းလေ့ရှိသည်။ အသားများသည် ညက်လွယ်သောကြောင့်ဖြစ်သည်။ ထိုအကြောင်းကိုသိသော မေမေက ကြိုတင်ပြောလိုက်ခြင်းဖြစ်လေသည်။ ညီလင်းသည် ခေါင်းလေးပုသွားပြီး ငရုတ်သီးတောင့်များကို အညှာခြွေသည်။ သို့သော် မေမေမသိအောင် အစေ့များကို တတ်နိုင်သလောက် ရေထဲသို့ခိုးပြီး မျှောပစ်လိုက်သေးသည်။ အစေ့များသည် ညက်ခဲလှသောကြောင့် ထောင်းရသည်ကို စိတ်မရှည်လှပေ။

အမာညိုသည် စျေးခြင်းထဲမှငါးများကို ဒန်အိုးထဲသို့သွန်ထည့်လိုက်သည်။ တွန့်ခနဲလှုပ်ခနဲဖြစ်သွားသောငါး ရှိ၊ မရှိအသေအချာငုံ့ကြည့်ရင်း ဖွန်းဖျားလေးနှင့် မထိတထိထိုးပြီး ကြည့်နေမိသည်။

'အမလေး အရှင်ကြီး အရှင်ကြီး'

ညီလင်းသည် အမာညို၏နားနားတွင်ကပ်ပြီး အော်လိုက်သည်။ အမာညိုသည် ဒန်အိုးကိုတွန်းထုတ်လိုက်ပြီး ကြောက်လန့်တကြား ထခုန်လိုက်မိလေသည်။


'ဟား ဟား ဟား'

အမာညိုဖြစ်သွားပုံကြည့်ပြီး ညီလင်းက သဘောကျစွာရယ်နေသည်။ အမာညိုသည် ညီလင်း၏ထိပ်ကို လှမ်းခေါက်သည်။ သို့သော် အရပ်ကြီးမိုးထိုးလာသော ညီလင်းက ယခင်တုန်းကလို လွယ်လွယ်ကူကူနှင့် ထိပ်ခေါက်၍ မရတော့ပေ။

'ကဲ ကဲ၊ ခေါက်ချင်ရင် ထိုင်ပေးမယ်၊ မမီရှာဘဲကိုး၊ ပုရှာတာ၊ သနားစရာ၊ ကျွတ် ကျွတ်'

ညီလင်းက အမာညို မမီလောက်သော နေရာရောက်မှ ငုတ်တုတ်လေးထိုင်ရင်း ဆက်နောက်သည်။

ငရုတ်ဆုံကိုပါ ထိုဘက်သို့ဆွဲယူသွားသည်။ အမာညိုသည် မျက်စောင်းခဲရင်း ငါးများဘက်သို့ ပြန်လှည့်ရသည်။ ရန်ကုန်မြို့တော်သူ၊ မြို့တော်သားများသည် လတ်လတ်ဆတ်ဆတ်မှ သဘောကျသည်။ ရေချိုငါးဆိုလျှင် အရှင်ကိုရိုက်ပေးမှ ကျေနပ်ကြသည်။ တလှုပ်လှုပ်တတွန့်တွန့်ဖြစ်နေသော ငါးများကို ခြင်းတောင်းထဲထည့်ဆွဲပြီးပြန်ရမှ စားဝင်ကြသည်။ ထိုငါးမျိုးကိုမှချိုသည်ထင်ပြီး စားချင်သော အသိုင်းအဝိုင်းဖြစ်လေသည်။ ထိုသို့သော ပတ်ဝန်းကျင်တွင် ကြီးပြင်းခဲ့ရသော်လည်း အမာညိုသည် အမြီးလှုပ်



နေသောငါးများကို လုံးဝမကိုင်ရဲပေ။ မေမေနှင့်စျေးထဲလိုက်သွားသောအခါများ၌လည်း တဖျပ်ဖျပ်ခုန်နေသောငါးကို ပိဿာလေးနှင့်ထုနေသည်ကို တွေ့ရသောအခါများတွင် မျက်စိကိုစုံမှိတ်ထားတတ်သူဖြစ်သည်။ မေမေက ခေါင်းကိုကြေနေအောင် အထုခံထားရသောငါးကိုမှ ရွေးဝယ်သည်။ သို့သော် အကြောဆွဲသည်လားတော့မသိ။ တစ်ခေါင်းလုံးကွဲအက်ကာ ကြေနေသော်လည်း ငါးကလေးများသည် အရေခွံကမူ တတွန့်တွန့်ဖြစ်နေတတ်လေသည်။

'မမကလည်း ကြောက်ဆုတ်ဆုတ်နဲ့၊ ထုထည့်လိုက်စမ်းပါ၊ တစ်ခါတည်း ခေါင်းဖြတ်ပစ်လိုက်'

'ဟဲ့ လုပ်ရဲပါဘူး'

'ဘာဖြစ်လို့'

'ငရဲကြီးတာပေါ့၊ ပါဏာတိပါတာကံလေ'

အမာညိုက ဘုရားဟောနှင့် ကိုးကားလိုက်သည်။ မေမေနှင့် မေမေကြီးက မသိမသာလှမ်းကြည့်ပြီး မသိသလို မျက်နှာလွှဲလိုက်ကြသည်။ သူတို့ သဘောအားဖြင့်မူ ဆိုးဆတ်၊ သွက်သွက်လက်လက်နှင့် ခေါင်းဖြတ်ချလိုက်စေချင်ပုံပင်။ သို့သော် ဝင်ပြောပါက အကုသိုလ်အရေးတွင် ကြံရာပါဖြစ်မည်ကို စိုးရိမ်ဟန်ရှိသည်။

'ဘာ ပါဏာတိလဲ၊ ဒီလိုဆို သက်သတ်လွတ်စားပါလား'

'မစားနိုင်လို့ပေါ့ဟဲ့'

'တယ်ဟုတ်၊ ဒီလိုဆိုကိုယ်စားဖို့ သူများက သတ်ပေးရမယ်ဟုတ်လား၊ သူများသတ်တာဝယ်တော့ရော ငရဲမကြီးဘူးလား'

'ငါတို့က ဘယ်ကြီးမှာလဲ၊ သတ်တဲ့လူပဲကြီးမှာ'

'ကောင်းတယ် တယ်ကောင်း၊ ဝယ်တဲ့လူရှိလို့ သတ်ပြီးရောင်းတဲ့လူရှိတာ မမရဲ့'

'ဟုတ်ပေါင် ရောင်းလို့ဝယ်တာ'

'ဝယ်လို့ရောင်းတာ'

'ရောင်းလို့ဝယ်တာပါဟဲ့နော် မေမေ၊ ရောင်းလို့ဝယ်တာနော်၊ သူတို့ကို ဘယ်သူမှ အတင်းရောင်းခိုင်းတာမှ မဟုတ်တာ၊ အတင်းသတ်ခိုင်းတာမှ မဟုတ်တာနော် မေမေ'

အမာညိုသည် မေမေ့ကိုလှည့်၍ တိုင်တည်သည်။

အဖြေမရပေ။ မေမေသည် ဆွမ်းတော်ပွဲကို မ၍ ရှောင်ထွက်သွားသည်။ မေမေကြီးကလည်း အလုပ်များချင်ဟန်ဆောင်ကာ ဘုရားပန်းအိုးကိုယူ၍ ထွက်သွားသည်။ ထောက်ခံမဲမရသော အမာညိုသည် ပင့်သက်ရှိုက်လိုက်သည်။ အိုးထဲမှ ချောကျိကျိ ငါးတစ်ကောင်ကို ဇက်မှကိုင်ကာ စဉ်းတီတုံးပေါ်ဆွဲတင်လိုက်သည်။ ငါးက ရှင်သလား သေသလားတော့မသိ။ ရင်ထဲရှိအသည်းကမူ တယားယားဖြစ်နေလေသည်။ ညီလင်းသည် ငရုတ်သီးထောင်းနေရင်းမှ အမာညို့ကိုကြည့်ကာ ပါးစပ်ဆိုင်းတီးပေးနေသည်။

အမာညိုသည် မျက်စိကိုစုံမှိတ်ကာ ဓားမနှင့် တအားပိုင်းချလိုက်သည်။ ငါးခေါင်းပြတ်ကလေးသည် ခုန်ပြီးလွင့်ထွက်သွားသည်။ ထိုအခါ မဆီမဆိုင် ပြင်သစ်တော်လှန်ရေးတွင် ခေါင်းဖြတ်အသတ်ခံရသော မင်းဆွေမင်းမျိုးများကို ပြေးပြီးသတိရမိသည်။

'မမကလည်း ရေနွေးနဲ့ဖြောလိုက်ပါလား၊ အချောသက်သာတာပေါ့'

'ဟာ တော်ကြာ မသေသေးရင် သနားပါတယ်'

'အယ် ခေါင်းဖြတ်တော့ရော'

'ညီလင်းရယ် ဝဋ်လိုက်မယ့်လိုက်ရင် ခေါင်းဖြတ်ခံရတဲ့ဝဋ်က တော်သေးတယ်၊ အရှင်လတ်လတ် ရေနွေးဖြောခံရတာက ပိုကြောက်ဖို့ကောင်းတယ်ဟ'

အမာညိုက မသက်မသာပြောလိုက်သည်။ ငါးကလေးသည် ခေါင်းပင်ပြတ်နေသော်လည်း အရေခွံများ တွန့်ခနဲတွန့်ခနဲဖြစ်နေတုန်းပင်ဖြစ်သည်။ အကြောဆွဲနေခြင်းဖြစ်ဟန်တူသည်။ အမာညိုသည် စူးစူးစိုက်စိုက်ကြည့်ရင်း သက်ပြင်းလေးချမိရှာသည်။

'ညီလင်းရေ ဟော့ မိညို'

ကျော်ထွန်းညိုသည် အော်ဟစ်ခေါ်ရင်း မီးဖိုထဲသို့ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ဝင်လာသည်။ မျက်နှာသည် ပြုံးရွှင်နေသည်။

'ဘာလဲ ကိုကိုရ'

'ကျောင်းတွေ ဖွင့်တော့မယ်တဲ့၊ ၂၄ လေးရက်နေ့ကျရင် ဖွင့်တော့မယ်တဲ့'

■ ■ ■ ■ ■

'ကျောင်းတွေ ဖွင့်မယ်လည်းဆိုရော အပြေးအလွှားမှာပြီးဝယ်လာရတာ၊ စားလေ အမာညို'

'ဟင် စားရဲဘူး'

အမာညိုသည် မိမိလေးလှမ်းပေးသော ပုရစ်ကြော်လေးကိုကြည့်ကာ အသည်းယားလာသည်။ မျက်လုံးလေးပြူးကြောင်ကြောင်ဖြစ်နေသော ပုရစ်ကလေးသည် သူ့ကိုစိုက်ကြည့်နေဟန်ရှိသည်။ ခုံပေါ်မှ ပလတ်စတစ်အထုပ်ထဲတွင်လည်း ပိုးလိုးပက်လက်လန်နေသော ပုရစ်ကလေးများကို တွေ့ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# သင်္ဃန်းကျွန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကျင်းပ


ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်(အပိုင်း-၃) အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ဒီဇင်ဘာလ ၂၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါဝင်းမြိုင်က ကျောင်းသား၊ ကျောင်းသူများ လူအများရှေ့တွင်စကားပြောဆိုနိုင်စေရန်၊ မိမိကိုယ်ကို ယုံကြည်မှုရှိစေရန်၊ စာပေများကို လေ့လာတတ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းပြောကြားသည်။ ထို့နောက် စာရေးဆရာမ မေ(ရန်ကုန်)က စာဖတ်ခြင်းအကျိုးကျေးဇူးအကြောင်း ဗဟုသုတရဖွယ်များကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ Grade –5 ကျောင်းသား၊ ကျောင်းသူများ၏ ပုံပြောပြိုင်ပွဲ၊ Grade –4 ကျောင်းသား၊ ကျောင်းသူများ၏ ကဗျာရွတ်ဆိုပြိုင်ပွဲများကိုကျင်းပပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်သည်။

ယင်းနောက် စာရေးဆရာမ မေ (ရန်ကုန်)အား အမှတ်တရလက်ဆောင်ပေးအပ်ပြီး ဆုရကျောင်းသား၊ ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။



အခမ်းအနားသို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါဝင်းမြိုင်နှင့် ဝန်ထမ်းများ၊ စာရေးဆရာမ မေ (ရန်ကုန်)၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငြိမ်းငြိမ်းမြတ်၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဇော်မိုး(သင်္ဃန်းကျွန်း)**

## လိုလားချက်တွေ၊ ရည်မှန်းချက်တွေကို ပွင့်လင်းမြင်သာစွာဆွေးနွေး

တိုင်းရင်းသားများရဲ့ ဆန္ဒနဲ့လိုလားချက်တွေကို ဒီမိုကရေစီနည်းလမ်းကျဆောင်ရွက်ပေးနိုင်ဖို့အတွက် နိုင်ငံရေးစင်မြင့်ဖြစ်တဲ့ လွှတ်တော်ထဲကို တိုင်းရင်းသားကိုယ်စားလှယ်များ စုံစုံညီညီရောက်ရှိလာဖို့ လိုအပ်ပါတယ်။ ဒါမှသာ လူမျိုးစုအလိုက် လိုလားချက်တွေ၊ ရည်မှန်းချက်တွေကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးပြီး စုပေါင်းဆုံးဖြတ်အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် NCA (၁၀)နှစ်ပြည့်နှစ်ပတ်လည်နေ့အခမ်းအနားတွင်ပြောကြားသည့်မိန့်ခွန်းမှကောက်နုတ်ချက်)
၁၅.၁၀.၂၀၂၅



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားအား ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၁၀

စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျားအား ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန အောက်မြန်မာပြည်ရုံးခွဲ (စိမ်းလဲ့မေ)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဧရာဝတီအနည်ကျချိုင့်ဝှမ်း၊ မုတ္တမအနည်ကျချိုင့်ဝှမ်းတို့နှင့်ဆက်စပ်သည့် မြန်မာ့ကမ်းလွန်ဒေသများတွင် နည်းပညာတိုးတက်လာသည်နှင့်အညီ ရေနံနှင့်သဘာဝဓာတ်ငွေ့ခိုအောင်းနေမှုများကို ပိုမိုတိကျစွာ ရှာဖွေတွေ့ရှိလာမှုကြောင့် ယင်းဒေသများတွင် ထိုင်းနိုင်ငံမှရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်လျက်ရှိကြောင်း၊ ယခုအခါ Andaman ကျွန်းအနီးတစ်ဝိုက်တွင်လည်း အိန္ဒိယနိုင်ငံမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်မှုများ ဆောင်ရွက်လျက်ရှိနေကြောင်း၊ မိမိတို့နှင့်တရုတ်နိုင်ငံ နှစ်နိုင်ငံခေါင်းဆောင်များအကြား သဘောတူညီထားသည့်စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်၍ ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရေး အချိန်အခါကောင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် မြန်မာ့ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ရုရှားနှင့်အရှေ့အလယ်ပိုင်းဒေသနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နေကြောင်း၊ မိမိတို့နိုင်ငံအပြင် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့တွင်လည်း သဘာဝဓာတ်ငွေ့လိုအပ်ချက်များ မြင့်တက်နေသည့်အတွက် မြန်မာ့ကမ်းလွန်လုပ်ကွက်များတွင် သဘာဝဓာတ်ငွေ့များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး နည်းပညာနှင့် အရင်းအနှီးဆိုင်ရာ ပူးပေါင်းဆောင်ရွက်လိုကြောင်းပြောကြားပြီး သက်တမ်းရင့်ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် နည်းပညာအသုံးပြု၍ ထုတ်လုပ်မှုမြှင့်တင်ရေး၊ မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းမှ ရရှိမည့်ရေနံစိမ်းကိုရယူပြီး ရေနံချက်စက်ရုံအသစ် ပူးပေါင်းတည်ဆောက်မည့်စီမံကိန်း၊ ရေနံချက်စက်ရုံများ၊ ဓာတ်မြေဩဇာစက်ရုံများ အဆင့်မြှင့်တင်ခြင်းနှင့်အသစ်တည်ဆောက်ခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် နှစ်နိုင်ငံအစိုးရချင်းပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တရုတ်သံရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ကျေးလက်ဒေသနေပြည်သူများနှင့်တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၀

ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က နိုင်ငံတော်၏နောက်ဆုံးကောက်ယူထားသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရကြည့်မည်ဆိုပါက အသက် ၁၅ နှစ်နှင့်အထက် အရွယ်ရောက်ပြီးသူများ၏စာတတ်မြောက်မှုနှုန်းမှာ ၉၂ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိပြီး နိုင်ငံလူဦးရေ၏ ၇ ဒသမ ၉ ရာခိုင်နှုန်းသည် စာတတ်မြောက်မှုမရှိသည်ကို ထုတ်ပြန်ထားချက်များအရ တွေ့ရှိရကြောင်း၊ နောက်ဆုံးကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ကျောင်းလုံးဝမတက်ဖူးသူ ရာခိုင်နှုန်းမှာ ၉ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း ထုတ်ပြန်ထားသည့်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အသက် ၁၅ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား စာတတ်မြောက်ရေးသင်ကြားပေးရန် လိုအပ်လျက်ရှိသည်ကို သန်းခေါင်စာရင်းထုတ်ပြန်ချက်အရ တွေ့ရှိရကြောင်း။

ပညာရေးကဏ္ဍဆိုင်ရာ စီမံကိန်းများ ချမှတ်လုပ်ဆောင်ရာတွင် ဘဏ္ဍာငွေကျခံသုံးစွဲမှုကိုပါ ထည့်သွင်းဆောင်ရွက်ရသဖြင့် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေ တစ်ခုတည်းဖြင့် ဆောင်ရွက်၍မရနိုင်ဘဲ ဆက်စပ်ဝန်ကြီးဌာနများ၏ပံ့ပိုးဆောင်ရွက်ပေးမှု၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၏ အနီးကပ်စီမံကြီးကြပ်၊ ဘဏ္ဍာငွေပံ့ပိုးမှုများကလည်း အရေးကြီးကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်ဦးနေမျိုးလှိုင်တို့က အမှာစကားပြောကြားကြပြီး ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အခြေခံစာတတ်မြောက်ရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြ၍ တက်ရောက်လာသူများက ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများနှင့် အုပ်ချုပ်ရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်းများအတွင်း ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာသင်ယူနေမှု၊ ဓာတုဗေဒလက်တွေ့စမ်းသပ်ခန်း၊ ရူပဗေဒလက်တွေ့ခန်း၊ ကျောင်းမုန့်ဈေးတန်းများ၊ သန့်စင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မြောက်ဥက္ကလာပမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကျင်းပ


ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ဒီဇင်ဘာလ ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇင်မာအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြု ဒေါ်ဂင်းဂင်းစိုးက မိခင်နှင့်ကလေးငယ်များအား အသက်အရွယ်အလိုက် အာဟာရဖြည့်စွက်စာများ စားသုံးစေရေး၊ မွေးကင်းစမှ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးစေရေး၊ သန္ဓေသားဘဝမှသည် အသက်နှစ်နှစ်မပြည့်မီကာလအတွင်း အာဟာရစောင့်ရှောက်ခြင်းသည် ဘဝတစ်လျှောက်လုံးအတွက် အရေးအကြီးဆုံးလုပ်ဆောင်ချက်ဖြစ်ကြောင်း စသည့် အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲများကို ကျင်းပရာ မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၉ ရပ်ကွက်မှ မွေးကင်းစမှ အသက်ခြောက်လ၊ အသက်ခြောက်လမှ တစ်နှစ်အထိ၊ အသက်တစ်နှစ်မှ တစ်နှစ်ခွဲအထိ ကလေးငယ်များ၊ သားကောင်းမိခင်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်သည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသော ကလေးငယ်များအား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**




# ကော့မှူးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် ဒီဇင်ဘာ ၃၀



ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၂၉ ရက်က အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးလူမင်းက သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှုပြောင်းလဲလာခြင်းအကြောင်းရင်းများ၊ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းလုပ်ငန်းများ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်စေသည့် တောမီးလောင်မှုဆိုင်ရာများ၊ ရိုးပြတ်များမီးရှို့၍ ဖြစ်ပေါ်လာရသည့် Fire Hotspots အကြောင်းများ၊ ရိုးပြတ်များကို မီးမရှို့ဘဲ သဘာဝမြေဩဇာပြုလုပ်ခြင်းများ၊ ရိုးပြတ်များအား ထိန်းချုပ်စနစ်ဖြင့် မီးရှို့ခြင်းများ၊ လေထုညစ်ညမ်းမှု၏ ဆိုးကျိုး၊ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်တောထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့လျှော့ချရေးနှင့် တောမီးလောင်မှုလျှော့ချစေနိုင်မည့်နည်းလမ်းများ၊ ကျေးရွာပိုင်တစ်အုပ်တမစိုက်ခင်းများနှင့် တစ်အိမ်ထောင်လျှင် နှစ်ရှည်ပင်တစ်ပင်နှုန်း စိုက်ပျိုးရန် ဟောပြောဆွေးနွေးသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မင်းဝေက မီးဘေးလုံခြုံရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသက်နိုင်က စိုက်ပျိုးရေးသုံး စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရေးတို့ကို အသိပညာပေးဆွေးနွေးဟောပြောပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျောင်းပေါင်းစုံအမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ ဖူဆယ်အားကစားကွင်း၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ခရမ်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာလ ၂၉ ရက်က ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာလ၂၆ ရက်မှ၂၉ ရက်အထိ ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဖူဆယ်အသင်း ရှစ်သင်းက အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြပြီး အမှတ်အများဆုံးရရှိသည့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအသင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (မြို့မ) အသင်းတို့က ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ကျင်းပရာ တာဝန်ရှိသူတစ်ဦးက အနိုင်ရဗိုလ်စွဲသွားသော အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ချီးမြှင့်ပေးအပ်ပြီး ဒုတိယဆုရရှိသော အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(မြို့မ)အသင်းနှင့် တတိယဆုရရှိသော အခြေခံပညာအထက်တန်းကျောင်း (ကွမ်းမိုးဒိန်း)အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုများ၊ နှစ်သိမ့်ဆုရရှိသောအသင်းများနှင့် နေရာအလိုက် အကောင်းဆုံးကစားသမားဆုများ၊ သွင်းဂိုးအများဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသူများကို တာဝန်ရှိသူများက အသီးသီးချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**ချမ်းမြေ့**

# ကလိန်အောင်မြို့၌ တောင်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့် ဖရဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကလိန်အောင် ဒီဇင်ဘာ ၃၀

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးသည့် ဖရဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကာ ဈေးကောင်းရရှိ၍ အဆင်ပြေလျက်ရှိကြောင်း ကလိန်အောင်မြို့မှ ဖရဲစိုက်ပျိုးတောင်သူတစ်ဦး၏ပြောပြချက်အရ သိရသည်။

ဖရဲကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် ခူးဆွတ်ရောင်းချရကြောင်း၊ တစ်ကေလျှင် ဖရဲမျိုးစေ့ထုပ် လေးထုပ်ခန့်ကုန်ကျပြီး စိုက်ပျိုးရာတွင် မြေပြုပြင်၍ တန်းကြား ၅ ပေ၊ ကျင်းကြား ၃ ပေခြား၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြသည်။

"ကိုင်းခြံထဲမှာ သစ်သီးဝလံနဲ့ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးပါတယ်။ ဒီနှစ်ကစပြီး ဖရဲသီးကို စမ်းသပ်စိုက်ပျိုးတာ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ ကလိန်အောင်မြို့နယ်မှာက ဖရဲစိုက်ပျိုးသူသိပ်မရှိသေးဘူး" ဟု ကလိန်အောင်မြို့မှ ဖရဲစိုက်ပျိုးတောင်သူတစ်ဦးက ပြောသည်။

လက်ရှိ ဖရဲသီးဈေးနှုန်းမှာ အရွယ်အစားအလိုက် ဈေးနှုန်းအသီးသီးရှိပြီး ကလိန်အောင်မြို့နှင့် အနီးဝန်းကျင်ဒေသများနှင့် ထားဝယ်မြို့သို့ တင်ပို့ရောင်းချရကြောင်း သိရသည်။

ကလိန်အောင်မြို့နှင့် အနီးဝန်းကျင်ကျေးရွာများသည် ဥယျာဉ်ခြံများ စိုက်ပျိုးလုပ်ကိုင်ကြသကဲ့သို့ ရာသီအလိုက်ထွက်ရှိသည့် ဖူးစားပြောင်း၊ နှမ်း၊ ဘူး၊ တိုင်ထောင်ပဲနှင့် ငရုတ်တို့ကိုလည်း မြေအောက်ရေဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း သိရသည်။

(၄၁၂)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသေဲလည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသေဲလည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ပဲခူးမြို့၌ နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ပွဲ ကျင်းပမည်

**ပဲခူး ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ပွဲကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီးရင်ပြင်တော်၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၃ ရက်အထိ သုံးညတိုင်တိုင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ကျင်းပရာ၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်တိုက်အုပ်စာချဆရာတော်ဘဒ္ဒန္တသုန္ဒရ(သာသနဓဇဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ကလည်းကောင်း၊ ဇန်နဝါရီလ ၂ ရက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ ဥသာသီရိစာသင်တိုက် ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တသူရိယ (သာသနဓဇဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ကလည်းကောင်း၊ ဇန်နဝါရီလ ၃ ရက်တွင်ပဲခူးမြို့ သာသနာ့ဇောတိကစာသင်တိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တဇနိတ (သာသနဓဇဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ကလည်းကောင်း ည ၇ နာရီမှစတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

(၄၀၁)

# ပေါက်ခေါင်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ(တတိယအကြိမ်)ကပ်ထားကြေညာ



**ပေါက်ခေါင်း ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်ရှိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးနှင့် ရပ်ကွက်ရုံးများ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို ကပ်ထားကြေညာလျက်ရှိရာ ယနေ့အချိန်အထိ မဲဆန္ဒရှင်ပြည်သူများမဲစာရင်းလာရောက်ကြည့်ရှုကြသည်။

ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရာတွင် မိမိ၏မဲစာရင်းအမှတ်စဉ်သိရှိစေရန်၊ မဲစာရင်းများ သွားရောက်ကြည့်ရှုနိုင်ရန်နှင့် ၁၈ နှစ်ပြည့်ပြီးသည့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့နေထိုင်ရာဒေသ၌ ပုံစံ (၆၆/၆)ရှိပြီး မဲစာရင်းတွင် မိမိအမည်မပါဝင်ပါက ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ (၃) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ(၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာပုံစံ (၄-က) ဖြင့်လည်းကောင်း လျှောက်ထားနိုင်ကြောင်းသိရပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက လိုအပ်သည်များကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ်အားကစားပြိုင်ပွဲများကျင်းပ

**ရွှေသောင်ယံ ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ အခြေခံပညာအထက်တန်းကျောင်း (ရွှေသောင်ယံ)၌ ဒီဇင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများကို ကျင်းပသည်။

အဆိုပါအားကစားပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းကျောင်း(ရွှေသောင်ယံ)မှ ကျောင်းသား၊ ကျောင်းသူများက ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ကြိုးခုန်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ မူလတန်းကလေးများ မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ စသည်ဖြင့် အားကစားနည်းမျိုးစုံကို ကျောင်းသား၊ ကျောင်းသူများက ပျော်ရွှင်စွာယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများကို ကျောင်းသား၊ ကျောင်းသူများ၏ ကာယ၊ ဉာဏစွမ်းရည်များဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရွှေသောင်ယံ(ပြန်/ဆက်)



# ကျောက်ဆည်-တံတားဦး မြို့ချင်းဆက်လမ်းပိုင်းတာပေါင်ပြုပြင်မှု ရာနှုန်းပြည့်ပြီးစီး

**ကျောက်ဆည် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်လမ်းဦးစီးဌာနမှ ကျောက်ဆည်မြို့နှင့်တံတားဦးမြို့တို့အား ဆက်သွယ်ထားသောလမ်းမှ ရေတိုက်စားသွားသည့် လမ်းပိုင်းတာပေါင်အား ပြန်လည်ပြုပြင်ပေးရာ ယနေ့တွင် လုပ်ငန်းများအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပျက်စီးသွားသည့် လမ်းတာပေါင်သည် ဒွေလှကျေးရွာအနီး ၁၄ ကီလိုမီတာနှင့် ၁၆ ဒသမ ၄၉ ကီလိုမီတာအတွင်းရှိသည့် လမ်းတာပေါင်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေလုံးငွေရင်းခန့်မှန်းခွင့်ပြုရန်ပုံငွေကျပ် ၁၁၀ ဒသမ ၅ သန်းဖြင့် အရှည် ၁ ဒသမ ၇ ကီလိုမီတာ၊ ပျမ်းမျှအကျယ် ၁ ဒသမ ၈၃ မီတာရှိသည့် လမ်းတာပေါင်ကို မြို့နယ်လမ်းဦးစီးဌာနမှ ပြန်လည်ပြုပြင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

သက်မောင် (ကျောက်ဆည်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသီစချင်
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ သီချင်းလက်ဆောင်
၅။ ၁၁:၀၀ မြန်မာ့လက်သံ
၆။ ၁၂:၀၀ ပန်းတို့၏အလှတရား
၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၈။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၉။ ၁၈:၂၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၀။ ၁၉:၀၀ တွဲထားသည့်လက်မြဲပါစေ သရုပ်ဆောင်- အောင်သီဟ၊ သင်ဇာမြင့်မိုရ် ဒါရိုက်တာ-ကောင်းကင်
၁၁။ ည ၈ နာရီသတင်းအပြီး နိုင်ငံတကာသတင်း
၁၂။ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ တစ်ချိန်ကသူတို့အကြောင်း

## MWD Variety Channel

၃၁-၁၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၂၀ ရှာဖွေလေ့လာပြတိုက်မှာ
၂။ ၁၁:၃၅ နိုင်ငံ့ဂုဏ်ရောင်မြင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှားတပ်မတော်သားအားကစားသမားများ
၃။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၁၆:၂၀ ကမ္ဘာတစ်ခွင် မှတ်တမ်းဝင်

# ကျောက်ကပ်အားကောင်းစေပြီး ကျောက်ကပ်ပျက်စီးခြင်းမှကာကွယ်နိုင်သည့်အစားအစာများ

ကျောက်ကပ်ဆိုသည်မှာ လူ့ခန္ဓာကိုယ်အတွင်း ရှိသမျှအဆိပ်အတောက်များကို ဆီးမှတစ်ဆင့် စွန့်ထုတ်သန့်စင်ပေးသော အရေးပါသည့် အစိတ်အပိုင်းဖြစ်သည်။ ကျောက်ကပ် ပုံမှန်အလုပ်မလုပ်ပါက အဆိပ်အတောက်များပြည့်နေပြီး ရောဂါဝေဒနာဖိစီးသည့်ခန္ဓာကိုယ် ဖြစ်လာပါလိမ့်မည်။ ကျောက်ကပ်ကျန်းမာရေးအတွက် နေ့စဉ်လိုအပ်သောအာဟာရဓာတ်များပါဝင်သည့် အစားအစာများ စားသုံးသင့်သည်။



### ပန်းသီး

ပန်းသီးသည် ကိုလက်စထရောနှင့် ဂလူးကို့စ်ပမာဏကို လျော့ကျစေနိုင်သော ပျော်ဝင်အမျှင်ဓာတ်ပါဝင်သည့် အရင်းအမြစ်တစ်ခုဖြစ်သည်။ ပန်းသီးကို အခွံပါ စားသုံးသင့်သည်။ အခွံတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာ ပါဝင်သကဲ့သို့ ပန်းသီးစိမ်းတွင် ဗီတာမင်-C ကြွယ်ဝစွာပါဝင်သည်။

### Omega-3 Fatty Acid

အကျိုးပြုအက်စစ် Omega-3 Fatty Acid များကို ပင်လယ်ငါးမှရရှိနိုင်သည်။ အကျိုးပြုအဆီများက အာရုံကြောစနစ်၏ ဆဲလ်များတည်ဆောက်ရာတွင် အဓိကနေရာမှပါဝင်သည်။ နှလုံးကြွက်သားများနှင့် ခုခံအားစနစ်ကို အားကောင်းစေသည်။ လိုအပ်သည့်အာဟာရများ စုပ်ယူရာတွင် ကူညီပေးသည်။ ဦးနှောက်နှင့် အမြင်အာရုံဖွံ့ဖြိုးစေသည်။ နှလုံးရောဂါဖြစ်နိုင်ခြေကို လျော့နည်းစေသည်။ သွေးတွင်းကိုလက်စထရောကို လျော့ကျစေသည်။

### ကိုက်လန်

ကိုက်လန်တွင် ဗီတာမင်-A၊ ဗီတာမင်-C၊ ဗီတာမင်-K နှင့် ကယ်လ်စီယမ် အပါအဝင် အရေးပါသောဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သည်။ ကာရိုတီနွိုက်နှင့် ဖလေဗိုနွိုက်တို့ကြွယ်ဝသဖြင့် မျက်စိကျန်းမာရေးနှင့် ကင်ဆာရောဂါတို့ကို ကာကွယ်နိုင်စွမ်းရှိသည်။

### စတော်ဘယ်ရီသီး

စတော်ဘယ်ရီသီးသည် အနံ့အရသာကောင်းမွန်သကဲ့သို့ ဗီတာမင်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်မှုများသည်။ ယင်းတွင်ပါဝင်သည့် အမျှင်ဓာတ်နှင့် အာဟာရဓာတ်များကြောင့် နှလုံးရောဂါ၊ ကင်ဆာရောဂါတို့ကို ကာကွယ်ပေးနိုင်ပြီး ရောင်ရမ်းမှုလျော့ကျစေသည်။

### ဟင်းနုနယ်

ဟင်းနုနယ်တွင် ဗီတာမင်-A၊ ဗီတာမင်-C၊ ဗီတာမင်-K နှင့် ဖောလိတ်ဓာတ် ပါဝင်မှုမြင့်မားသည့်အပြင် ဘီတာကယ်ရိုတင်းကြောင့်လည်း ကိုယ်ခံအားကို ကောင်းစေနိုင်သည်။ အမြင်အာရုံအတွက် ကောင်းသည့် အစိမ်းရောင်အသီးအရွက်တစ်မျိုးလည်းဖြစ်၍ စားသုံးသင့်သည်။

### ကန်စွန်းဥ

ကန်စွန်းဥတွင် ဗီတာမင်-K နှင့် ဗီတာမင်-C ကြွယ်ဝစွာပါဝင်ပြီး ဗီတာမင် B6၊ ပိုတက်ဆီယမ်နှင့် အမျှင်ဓာတ်တို့လည်း ပါဝင်သည်။ ပိုတက်ဆီယမ်အပါအဝင် ဗီတာမင်နှင့်သတ္တုဓာတ်များက ခန္ဓာကိုယ်ထဲမှ ဆိုဒီယမ်ပမာဏကို ထိန်းညှိပေးကာ ကျောက်ကပ်အပေါ် သက်ရောက်မှု လျော့နည်းစေရန် ကူညီပေးသည်။

### ဂေါ်ဖီထုပ်

ဂေါ်ဖီထုပ်သည် ဗီတာမင်-C၊ အမျှင်ဓာတ်နှင့် ဖောလိတ်ဓာတ်တို့ ကြွယ်ဝစွာပါဝင်ပြီး ပိုတက်ဆီယမ်ပါဝင်မှုနည်းသောကြောင့် ကျောက်ကပ်အတွက် ကောင်းမွန်သည့်အစားအစာဖြစ်သည်။ ဂေါ်ဖီထုပ်ကို ကျောက်ကပ်ဆဲလ်များ ပြန်လည်ကောင်းမွန်စေရန်နှင့် ကျောက်ကပ်တစ်သျှူးများကို ကာကွယ်ပေးရန် စားသုံးသင့်သည်။ ကျောက်ကပ်တစ်ခုလုံး ကျန်းမာရေးကို မြှင့်တင်ပေးရုံသာမက ပျက်စီးမှုများ နောက်ထပ်မဖြစ်စေရန် ကာကွယ်ပေးသောကြောင့် မိမိ၏နေ့စဉ် အစားအသောက်ထဲတွင် ဂေါ်ဖီထုပ်ကို ထည့်သွင်းစားသုံးသင့်သည်။

### အနီရောင်စပျစ်သီး

အနီရောင်စပျစ်သီးတွင် ပိုလီဖီနောဟုခေါ်သည့် အပင်မှရရှိသောဒြပ်ပေါင်းများ ကြွယ်ဝစွာပါဝင်ပြီး ကျောက်ကပ်သွေးစီးဆင်းမှုကောင်းမွန်ခြင်း၊ ရောင်ရမ်းမှုကျဆင်းခြင်းတို့နှင့် ဆက်စပ်နေသည်ဟု သုတေသနအရ ဖော်ပြထားသည်။ ပိုလီဖီနောက ကျောက်ကပ်အပေါ် ဖိစီးမှုလျော့ပါးစေပြီး အဆိပ်အတောက်များနှင့် သွေးတွင်းသကြားဓာတ် မြင့်မားမှုကြောင့် ဖြစ်ပေါ်လာသည့် ပျက်စီးမှုများမှ ကာကွယ်ပေးသည်။ နေ့စဉ် စားသောက်သည့်စာရင်းတွင် အနီရောင်စပျစ်သီး လက်တစ်ဆုပ်စာစားခြင်း သို့မဟုတ် ဖျော်ရည်ပြုလုပ် သောက်သုံးခြင်းက ကျောက်ကပ်ကျန်းမာရေးကို သိသိသာသာကောင်းမွန်နိုင်သည်။

### ကြက်သွန်ဖြူ

ကြက်သွန်ဖြူသည် အရောင်ကျစေပြီး အင်တီအောက်စီးဒင့်ဒြပ်ပေါင်းများ ကြွယ်ဝစွာပါဝင်သည့်အတွက် ကျောက်ကပ်ရောင်ရမ်းမှုကို လျော့ကျစေသည်။ ကြက်သွန်ဖြူပုံမှန်စားသုံးခြင်းက ကျောက်ကပ်ပျက်စီးမှုကိုညွှန်ပြသည့် အမှတ်အသားများကို လျော့ကျစေပြီး ဆဲလ်များကို အကာအကွယ်အလွှာတစ်ခုအနေဖြင့် ကာကွယ်ပေးသည့် အကျိုးသက်ရောက်မှုရှိသည်။ ထို့ပြင် သွေးတိုးရောဂါက ကျောက်ကပ်ပျက်စီးမှု၏အဓိကအကြောင်းရင်းတစ်ခုဖြစ်ပြီး ကြက်သွန်ဖြူက သွေးပေါင်ချိန်ကို အနည်းငယ်လျော့ကျစေနိုင်သည်။ ကျောက်ကပ်မပျက်စီးရန် ကာကွယ်ပေးနိုင်သည်။

### ဘလူးဘယ်ရီသီး

ဘလူးဘယ်ရီသီးတွင် အင်တီအောက်စီးဒင့်နှင့် ဖလေဗိုနွိုက်များ ကြွယ်ဝစွာပါဝင်ပြီး အဆိုပါဒြပ်ပေါင်းများက အရောင်ကျစေကာ ကျောက်ကပ်ထိခိုက်မှုမှ ကာကွယ်ပေးသည်။ ဘလူးဘယ်ရီသီး လက်တစ်ဆုပ်စာကို ပုံမှန်စားသုံးခြင်းကြောင့် ကျောက်ကပ်လုပ်ဆောင်ချက်ကောင်းမွန်စေပြီး ကျောက်ကပ်ရောဂါဖြစ်နိုင်ခြေ လျော့နည်းစေသည်ကို တွေ့ရသည်။ ကျောက်ကပ်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်ပြီး ပျက်စီးမှုများ၏ အစောဆုံးအဆင့်မှ ပြန်လည်ကောင်းမွန်စေသည်။

### ပန်းဂေါ်ဖီ

ပန်းဂေါ်ဖီတွင် ပိုတက်ဆီယမ်ပါဝင်မှုနည်းပြီး ဗီတာမင်-C၊ ဗီတာမင်-K၊ ဖောလိတ်နှင့် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သည်။ အဆိုပါအာဟာရဓာတ်များက ကျောက်ကပ်ပျက်စီးခြင်း၏ အဓိကအကြောင်းရင်းများဖြစ်သည့် ရောင်ရမ်းမှုနှင့် ဓာတ်တိုးပစ္စည်းများ၏ပျက်စီးမှုများကို လျော့ကျစေသည်။ ပန်းဂေါ်ဖီက ကျောက်ကပ်ဆဲလ်များ မပျက်စီးရန် အကာအကွယ်အဖြစ် လုပ်ဆောင်ပေးပြီး လိုအပ်သည့် အာဟာရဓာတ်ကိုလည်း ကူညီပေးသည်။ ပန်းဂေါ်ဖီကို ပုံမှန်စားသုံးခြင်းကြောင့် ခန္ဓာကိုယ်အတွင်းရှိ အဆိပ်အတောက်များကို ဖယ်ရှားပေးကာ ကျောက်ကပ်လုပ်ဆောင်ချက်ကို မြှင့်တင်ပေးနိုင်သည်။

### ကျောက်ကပ်ကျန်းမာစေရန် ထိန်းသိမ်းခြင်း

ကျောက်ကပ်ကျန်းမာရေးကို ထိန်းသိမ်းရန် ရေများများသောက်သင့်သည်။ ဆားနှင့် ပြုပြင်ထားသောအစားအစာများ လျှော့စားသင့်သည်။ သကြားနှင့် အနီရောင်အသားများစားသုံးမှုကို လျှော့ချသင့်သည်။ သွေးပေါင်ချိန်နှင့် သွေးတွင်းသကြားဓာတ်အဆင့်ကို ထိန်းချုပ်နိုင်ရန် ပုံမှန်လေ့ကျင့်ခန်း နာရီဝက်မှ တစ်နာရီကြာ (အပြေး၊ ရွှေ့ရွှေ့ပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူး) ပြုလုပ်သင့်သည်။ ဆေးလိပ်ဖြတ်သင့်သည်။ အရက်လျှော့သောက်သင့်သည်။ ဆေးဝါးများကို ဆရာဝန်ညွှန်ကြားထားသည့်အတိုင်းသာ သောက်သင့်သည်။ လုံလောက်စွာအိပ်စက်မှု (၆-၈ နာရီကြာအိပ်စက်ခြင်း) က ကျောက်ကပ်လုပ်ဆောင်ချက်ကို ကောင်းမွန်စေသည်။

အချုပ်အားဖြင့်ဆိုရသော် ကျောက်ကပ်ကျန်းမာရေးအတွက် ရေသောက်သုံးမှုကို ထိန်းညှိသင့်သည်။ သင့်တော်သည့် ရေသောက်သုံးမှုက အညစ်အကြေးများကို ဖယ်ရှားရာတွင် အကူအညီပေးသဖြင့် ကျောက်ကပ်လုပ်ဆောင်ချက်ကို ထောက်ပံ့ပေးပြီး ရေကိုလွန်ကဲစွာသောက်သုံးခြင်းကြောင့် ဖြစ်ပေါ်လာစေသော ကျောက်ကပ်၏ဖိစီးမှုကို ကာကွယ်ပေးသည်။ ကျောက်ကပ်ရောဂါရှိသူအနေဖြင့် သောက်သုံးသည့် အရည်အမျိုးအစားနှင့် ပမာဏကို အထူးသတိထားသင့်ကြောင်း ရေးသားလိုက်ရပါသည်။

**ဒေါက်တာလွင်သန့်**

# ခရမ်းမြို့နယ်၌ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ်၌ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ဒီဇင်ဘာလ ၃၀ ရက်က ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အတွင်းရှိ မိခင်နှင့်ကလေးငယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ထက်ထက်က သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ၏စည်းမျဉ်းစည်းကမ်းများကိုရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်ခြောက်လ၊ ခြောက်လမှတစ်နှစ်၊ တစ်နှစ်မှတစ်နှစ်ခွဲ သားကောင်းမိခင်နှင့် ကလေးစုစုပေါင်း ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကိုကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်မောင်ရင်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ထက်ထက်တို့က ဆုရရှိသူများအား ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။ ထို့နောက် ပြိုင်ပွဲဝင်မိခင်နှင့်ကလေးငယ်များအား ကြက်ဥ၊ အားဆေးနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။



**ချမ်းမြေ့**

# သရက်မြို့နယ် ထုံးတောင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် Slab Culvert နှစ်စင်းတည်ဆောက်ပြီးစီးမှုစစ်ဆေး



**သရက် ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(မူလ) ရန်ပုံငွေဖြင့် ထုံးတောင်ကျေးရွာအုပ်စု ထုံးတောင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Slab Culvert နှစ်စင်းတည်ဆောက်ပြီးစီးမှုအခြေအနေကို ဒီဇင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကုမ္ပဏီမှတာဝန်ရှိသူများ၊ လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ထုံးတောင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် Slab Culvert နှစ်စင်းတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးသည့် ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ထုံးတောင်ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထုရွေးချယ်မြေ ၁ ပေ၊ မြေနီကျောက်စရစ် ၉ လက်မခင်းခြင်းနှင့် အဆိုပါလမ်းပေါ်၌ Slab Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(မူလ)ရန်ပုံငွေကျပ် ၁၃၆ ဒသမ ၉ သန်းဖြင့် ယခုနှစ် ဖွန်လစတုတ္ထပတ်တွင် စတင်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လူ**

# ဆီဆိုင်မြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း/တံတား ဖောက်လုပ် ပြီးစီးမှုနှင့် ရေဖြန့်ဝေသုံးစွဲနေမှု စစ်ဆေး

**ဆီဆိုင် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သည့် ကျေးလက်ကုန်ထုတ်လမ်း/တံတားတည်ဆောက်ခြင်းလုပ်ငန်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ရေဖြန့်ဝေသုံးစွဲနေမှုအခြေအနေများကို ဒီဇင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ဆီဆိုင်မြို့နယ်ဦးစီးမှူး ဒေါ်သိန်းနွဲ့ဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်ကုန်ထုတ်လမ်းလေးလမ်းနှင့်ဆက်စပ်လုပ်ငန်းများ၊ ကျေးလက်ရေရရှိရေးလုပ်ငန်းကိုးခု တို့၌ ရေဖြန့်ဝေသုံးစွဲနေမှုနှင့် ကျေးရွာသူ/ကျေးရွာသားများက ကုန်စည်များကိုဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူ ပို့ဆောင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် ဦးစီးဌာနရုံး၊ ဂေါက်ကွင်းနှင့် ကျေးရွာငါးရွာကို အကျိုးပြုသည့် သန့်ရှင်းသောသောက်ရေ/သုံးရေများဖူလုံစွာရရှိစေရန်အတွက် ဆောင်ရွက်ခဲ့သည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ရေဖြန့်ဝေသုံးစွဲနေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ကျေးရွာများရှိ ရေပေးဝေရေးကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးသည့် လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်ဆွေးနွေးမှာကြားပြီး ကျေးရွာမှ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သော်ဇင်ထူး**

# တစ်နိုင်တစ်ပိုင်ကွမ်းရွက်စိုက်ပျိုးခြင်းမှ တစ်နှစ်ပတ်လုံး မိသားစုအပိုဝင်ငွေရရှိ

**ပေါက်ခေါင်း ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ပျားထိုးကျွန်းကျေးရွာ၌ တစ်နိုင်တစ်ပိုင် ကွမ်းရွက်စိုက်ပျိုးခြင်းမှ တစ်နှစ်ပတ်လုံး မိသားစုအပိုဝင်ငွေ ရရှိကြောင်းသိရသည်။

ပျားထိုးကျွန်းကျေးရွာ၌ ကွမ်းပင်များကို မိမိအိမ်ခြံဝင်းအတွင်း၌လည်းကောင်း၊ ဥယျာဉ်ခြံအတွင်း၌လည်းကောင်း စိုက်ပျိုးထားသည်။ ကွမ်းပင်စိုက်ပျိုးရာတွင် တပေါင်းလနှင့် တန်ခူးလတို့၌ မြေပြင်ခြင်း၊ ကွမ်းတိုင်စိုက်ထူခြင်း လုပ်ငန်းများစတင်ဆောင်ရွက်ပြီး တိုင်ခြေမှစ၍ မျိုးဖြတ်ထားသော ကွမ်းရွက်အညွန့်များကို စတင်စိုက်ပျိုးကြသည်။



ကွမ်းစိုက်ပျိုးရာတွင်လည်း နွားချေးကို အဓိကမြေဩဇာအဖြစ်အသုံးပြုပြီး အရိပ်ပေးရန်လည်းလိုအပ်ကြောင်း၊ စိုက်ပျိုးထားသော ကွမ်းရွက်များကို ပေါက်ခေါင်းမြို့နှင့် ပြည်မြို့တို့သို့တင်ပို့ရောင်းချကြောင်း ပျားထိုးကျွန်းကျေးရွာ ကွမ်းစိုက်တောင်သူတစ်ဦးထံမှသိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

**MWD Education, Knowledge & Sports Channel**

၃၁-၁၂-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

၁။ ၀၇:၀၀ - ၀၈:၃၀ Grade -7 မြန်မာစာ၊ အင်္ဂလိပ်စာ

၂။ ၁၅:၃၀ - ၁၆:၅၅ Grade -7 အင်္ဂလိပ်စာ၊ သင်္ချာ(၁)

၃။ ၁၆:၅၅ - ၁၇:၅၀ Grade -7 သင်္ချာ(၂)၊ ပထဝီဝင်

၄။ ၁၇:၅၀ - ၁၈:၂၀ Grade -7 သမိုင်း၊ သိပ္ပံ

# ညီညာမှ ပြည်သာမည်

♦ တကယ် “ ငြိမ်းချမ်းစေ ” လို
အပြုံးချင်းကြို တူယှဉ်မှန်း။
မှန်းဆက်ချီ
ကမ်းလက်ညီ သွေးဆုံရပ်မှ
ရလဒ်မှန် တူညီမျှ
ရလိမ့် အောင်ပန်း။

♦ တကယ် “ ပြောင်းလဲစေ ” လို
အပြုံးချင်းကြို တူယှဉ်လှမ်း။
လှမ်းတက်ညီ
မှန်းဆက်ရည် အားသွန်လျှောက်မှ
လမ်းပေါက်ရာ တူညီမျှ
ရလိမ့် အောင်ပန်း။

♦ တကယ် “ တိုးတက်စေ ” လို
အပြုံးချင်းကြို တူယှဉ်ထမ်း။
ထမ်းရွက်ညီ
စွမ်းထက်တည် ဖွဲ့မာန်မြင့်မှ
ခွင့်လမ်းသာ တူညီမျှ
ရလိမ့် အောင်ပန်း။

♦ အောင်ပန်းတွေ ဝေဆာတင့်ဖို့
မာန်ဝင့်လို့ ရှေ့သို့ချီ။
ခံယူချက်တွေ မြင့်မြင့်မား
နီးကြား ကိုယ်စီ။
“ ညီညာမှ ပြည်သာမည် ”
ခိုင်ကျည်စွာ ရင်မှာစွဲ။
“ နွားကွဲရင် ကျားဆွဲ ” ပေလိမ့်
တွဲလက်ညီ ခေါင်းချင်းဆိုင်ပြီး
ကိုယ့်နိုင်ငံ ပြည်သာယာရေးအတွက်
“ သွေးစကား အရေးထားလို့ ”
“ ဘေးစကား အတွေးမမှားဖို့ ”
သွေးဆုံကာ ညီညွတ်အားတွေနဲ့
နီးကြားစွာ ဝန်းရံဝိုင်းကာပ
ပြည့်သမိုင်းဂုဏ် တင့်လျှမ်းရအောင်
ကိုယ်ကျရာ ခန်းကဏ္ဍမှ
(သွေးချင်းတို့ရေ...)
စွမ်းကြဖို့ပဲ...။ ။

**မောင်မောင်ထွန်း(ပန်းပျိုးအိမ်)**

# မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ အသင့်ပြင်ဆင်ထားရှိမှုနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏သရုပ်ပြသမှုကို ကြည့်ရှုအားပေး




မုံရွာ ဒီဇင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး မီးသတ်စခန်း၌ မုံရွာမြို့နှင့် အနီးဝန်းကျင်ရှိကျေးရွာများမှ ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ အသင့်ပြင်ဆင်ထားရှိမှုနှင့် တိုင်းဒေသကြီးမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၏ သရုပ်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါမီးသတ်စခန်းရှိ မုံရွာမြို့အား ၂၄ နာရီ မီးဘေးအန္တရာယ်စောင့်ကြည့်ရေး Control Center နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်ထားရှိသည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်လျင်မြန်မြန်ဆန်ရန်အတွက် လေ့ကျင့်ရေးအဆောက်အအုံတည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလလူထုလှုပ်ရှားမှုအထိမ်းအမှတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စည်ပင်သာယာရေးအသင်းနှင့် မုံရွာပညာရေးဒီဂရီကောလိပ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလလူထုလှုပ်ရှားမှုအထိမ်းအမှတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ Fitness Dance ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်း၊ ဒုတိယဆုရရှိခဲ့သည့် စည်ပင်သာယာရေးအသင်းနှင့် ပထမဆုရရှိခဲ့သည့် မုံရွာသူနာပြုနှင့်သားဖွားသင်တန်းကျောင်းအသင်းတို့က Fitness Dance အကများဖြင့် ဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက Fitness Dance အကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် စည်ပင်သာယာရေးအသင်းက မုံရွာပညာရေးဒီဂရီကောလိပ်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိကာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၅၄/၂၀၂၅
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

**စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

# ဘဏ်ပိတ်ရက်နှင့်ဖွင့်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ (စနေနေ့)သည် "အများပြည်သူ အလုပ်ပိတ်ရက်" ဖြစ်ပါသဖြင့် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်းနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် (စနေနေ့)သည် "အလုပ်ဖွင့်ရက်" ဖြစ်ပါသဖြင့် ဘဏ်များအားလုံးဖွင့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ပြည်မြို့နယ် မြောက်နဝင်းမြို့ပြစီမံကိန်း၌ သောက်သုံးရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ပြည် ဒီဇင်ဘာ ၃၀


ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် မြောက်နဝင်းမြို့ပြစီမံကိန်းဧရိယာ၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာလ ၃၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေဇော်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မြောက်နဝင်းမြို့ပြစီမံကိန်းဧရိယာအတွင်း၌ သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ပြည်မြို့နယ် မြောက်နဝင်းမြို့ပြစီမံကိန်းဧရိယာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးရန်ပုံငွေ ငွေကျပ် ၂၆ သိန်း ၇၄ သန်းအသုံးပြုပြီး ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ အောက်တိုဘာလက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် မြောက်နဝင်းမြို့ပြစီမံကိန်းဧရိယာရှိ ပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ သန့်ရှင်းသောသောက်သုံးရေကို ဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

ချိုလေး

# ညောင်တုန်းမြို့နယ်၌ ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ



ညောင်တုန်း ဒီဇင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အေးအေးမြင့်၏ ပြောဆိုချက်အရ သိရသည်။

ညောင်တုန်းမြို့နယ်၌ ဒီဇင်ဘာလနောက်ဆုံးပတ်မှစ၍ ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါပဲလွမ်းဖြူများ ဝယ်လိုအား ကောင်းမွန်လာခြင်းသည် ဒေသထွက်ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းလာပြီး ဒေသထွက်ပဲလွမ်းဖြူများ အထွက်နည်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် တခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ လက်ရှိမှာ ပဲလွမ်းဖြူတွေ အဝယ်လိုက်နေတဲ့အပြင် ဈေးလည်းကောင်းလာပါတယ်။ ပဲအထွက်နည်းလာတာနဲ့ အဝယ်လိုက်ပြီး အရောင်းသွက်နေတာဖြစ်ပါတယ်။ လက်ရှိဒေသမှာတော့ ပဲလွမ်းဖြူအသစ်တွေသိပ်မထွက်သေးပါဘူး"ဟု ဒေါ်အေးအေးမြင့်ကပြောသည်။

အဆိုပါဒေသမှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ဒေသထွက်လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် | |
|---|---|---|
| နေပြည်တော် | ၁၆°C / | ၃၂°C |
| ရန်ကုန် | ၂၀°C / | ၃၃°C |
| မန္တလေး | ၁၄°C / | ၃၂°C |

**၃၀-၁၂-၂၀၂၅ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၆.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၀၀၀,၀၀၀)ကျပ်** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**သတ်မှတ်ရေးကော်မတီ**

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ၂၀၂၅ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ(မူကြမ်း)နှင့်ယစ်မျိုးဥပဒေ (မူကြမ်း)ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော်    ဒီဇင်ဘာ    ၃၀

၂၀၂၅ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ(မူကြမ်း)နှင့် ယစ်မျိုးဥပဒေ(မူကြမ်း)တို့နှင့်စပ်လျဉ်းသည့် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ငွေကြေးခဝါချမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်က ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို ပြောင်းလဲလာသည့်အခြေအနေများနှင့်လိုက်လျောညီထွေဖြစ်စေရေးနှင့် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF)၏ အကြံပြုချက်များနှင့်အညီ ဥပဒေကို ရေးဆွဲရခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ(THE MYAN-MAR EXCISE ACT)ကို ၁၉၁၇ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့ခြင်းဖြစ်၍ ပြောင်းလဲလာသည့် အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် အသစ်ရေးဆွဲရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ၂၀၂၅ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို လက်ရှိအခြေအနေနှင့်လိုက်လျောညီထွေမှုရှိစေရန်၊ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်လက်ခံထားသော သက်ဆိုင်ရာကွန်ဗင်းရှင်းများနှင့် AML-LTF ဆိုင်ရာ FATF ၏ အကြံပြုချက်များနှင့် ညီညွတ်မှုရှိစေရန်နှင့် နိုင်ငံတော်က တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုစေရန် ပြဋ္ဌာန်းသင့်သော ဥပဒေတစ်ရပ်ဖြစ်ကြောင်း သုံးသပ်၍ ဥပဒေပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ဆွေးနွေးကြသည်။

ထို့ပြင် တည်ဆဲမြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ( THE MYANMAR EXCISE ACT) သည် ၁၉၁၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သောဥပဒေဖြစ်ပြီး ယင်းဥပဒေတွင် ယစ်မျိုးအပြင် မူးယစ်ဆေးဝါး၊ ယစ်မျိုးခွန်ကောက်ခံခြင်းနှင့် သက်ဆိုင်သောကိစ္စရပ်များပါဝင်နေပြီး ယစ်မျိုးခွန်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဥပဒေများပြဋ္ဌာန်းထားခြင်းတို့ကြောင့် လက်ရှိကာလနှင့် ဆီလျော်မှုမရှိတော့၍ ယစ်မျိုးစီမံခန့်ခွဲခြင်း ကိစ္စရပ်များကို ခေတ်နှင့်လိုက်လျောညီထွေ ဖြစ်စေရန်၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော ယစ်မျိုးအခွန်များရရှိစေရေး ကြီးကြပ်နိုင်စေရန်၊ အရက်ကို တရားမဝင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများကို ပိုမိုကြီးကြပ်နိုင်စေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် အလို့ငှာ ပြဋ္ဌာန်းသင့်သော ဥပဒေတစ်ရပ်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ဥပဒေပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# မိုင်းရယ်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

မိုင်းရယ်    ဒီဇင်ဘာ    ၃၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ရှမ်းပြည်နယ်(မြောက်ပိုင်း)တာဝန်ခံ ဦးမြင့်ဦးသည် လားရှိုးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိုင်းရယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မိုင်းရယ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိုင်းရယ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့်တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံပွဲတွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က မိုင်းရယ်မြို့နယ်အတွင်းရှိ မဲရုံများသို့ ဖြန့်ခွဲမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ စမ်းသပ်ခြင်းနှင့် မဲရုံများသို့ ဖြန့်ခွဲပို့ဆောင်နေရာချထားမည့် အခြေအနေ၊ မဲပေးစက်အသုံးပြုမည့် လုပ်ငန်းစဉ်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးတို့ပါဝင်သော မဲရုံအဖွဲ့ဝင်တို့၏ လုပ်ငန်းတာဝန်များ၊ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်ရမည့် အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တန့်ယန်းခရိုင်အုပ်ချုပ်ရေးမှူးနှင့် လားရှိုးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌကလည်းကောင်း၊ လားရှိုးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးကလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ မိုင်းရယ်မြို့နယ်ရွေးကောက်ပွဲအရာရှိကလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးကလည်းကောင်း မိမိတို့ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုဆွေးနွေးကြသည်။

ယင်းနောက်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ဆွေးနွေးတင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တာဝန်ရှိသူများနှင့်အတူ မိုင်းရယ်မြို့နယ်ရွေးကောက်ပွဲတွင်အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များထားရှိမည့်နေရာနှင့် မိုင်းရယ်မြို့နယ် ရပ်ကွက်(၂)၌ တတိယအကြိမ်ကြေညာထားသည့် မဲစာရင်းများအား မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုစစ်ဆေးနေမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

မိုင်းရယ်(ပြန်/ဆက်)

# မဲပေးစက်များပြန်လည်အပ်နှံထားရှိမှုအခြေအနေ ကြည့်ရှုစစ်ဆေး



မြစ်ကြီးနား    ဒီဇင်ဘာ    ၃၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးခင်ဇော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ မြန်မာအီလက်ထရောနစ်မဲပေးစက်များ ထိန်းသိမ်းထားရှိရာနေရာသို့ သွားရောက်ပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် အသုံးပြုခဲ့သော မြန်မာအီလက်ထရောနစ် မဲပေးစက်များကို စနစ်တကျ ပြန်လည်အပ်နှံထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ရုံး၌ မြန်မာအီလက်ထရောနစ် မဲပေးစက်များနှင့် ဆက်စပ်ပစ္စည်းများကို တာဝန်ရှိသူများက စနစ်တကျစစ်ဆေး၍ ပြန်လည်အပ်နှံထားရှိမှုနှင့်မဲပေးစက်တွင် အသုံးပြုခဲ့သည့် (၁၂)ဗို့ ဘက်ထရီအိုးများကို ပြန်လည်အားသွင်း၍စစ်ဆေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) တွင် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ ရာနှုန်းပြည့်ဆန္ဒမဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်၊ မဲရုံများတွင် အသုံးပြုရန် ရောက်ရှိလာသည့် မဲပေးစက်များကို ကြိုတင်စစ်ဆေးဆောင်ရွက်ထားကြရန်နှင့် အောင်မြင်စွာကျင်းပနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ပြည်နယ်/ ခရိုင်/ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အပိုင်း(၂)ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် အဆိုပါရုံးအစည်းအဝေးခန်းမ၌ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) တွင် မြို့နယ်အလိုက်ရရှိသည့် ခိုင်လုံဆန္ဒမဲများအား လွှတ်တော်အလိုက် ကိုယ်စားလှယ်လောင်းများရရှိသော ဆန္ဒမဲစာရင်းပုံစံ (၁၉)နှင့် ပုံစံ(၁၉-က)များ ပြုစုဖြည့်သွင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ကယားပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၅၅ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)
**ကယားပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဦးစိန်ဦးအား ကယားပြည်နယ် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလရော်ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။




## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံ အသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ မကြာမီရောက်ရှိမည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုအစီအစဉ်အဖြစ် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် (သောကြာနေ့)ညတွင် Nothern Star Band နှင့်အတူ ကချင်တိုင်းရင်းသား/သူ တေးသံရှင်များ စုပေါင်းသီဆိုမည့် **“မနောမြေက တေးသံသာ”** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့်မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်–

**(၂–၁–၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ “မနောမြေက တေးသံသာ” တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်တေးသီချင်း(၁၂)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ကောက်သစ်စားပွဲ | တိုင်းရင်းသူအဆိုရှင် |
| ၂။ | ဂျိန်းဖော | တိုင်းရင်းသူအဆိုရှင် |
| ၃။ | ကချင်မြေကို မခွဲချင် | တိုင်းရင်းသားအဆိုရှင် |
| ၄။ | အန်းထယ်မြစ်ကြီးနား(ဒို့ရဲ့မြစ်ကြီးနား) | တိုင်းရင်းသားအဆိုရှင် |
| ၅။ | ကချင်သားလေးရှိရာမြေလာခဲ့ပါ | တိုင်းရင်းသားအဆိုရှင် |
| ၆။ | ဘွမ်ရှီ(လေပြေ) | တိုင်းရင်းသူအဆိုရှင် |
| ၇။ | Stand By Me | တိုင်းရင်းသားအဆိုရှင် |
| ၈။ | စန်ငို့တင်န်(ဝေးနေချိန်) | တိုင်းရင်းသားအဆိုရှင် |
| ၉။ | မြစ်ကြီးနားက ကြိုနေမယ် | တိုင်းရင်းသားအဆိုရှင် |
| ၁၀။ | ရှောင်(“မ”) | တိုင်းရင်းသားအဆိုရှင် |
| ၁၁။ | မမေ့နိုင်တဲ့မြေ | တိုင်းရင်းသားအဆိုရှင် |
| ၁၂။ | ကချင်မြေကိုလာပါ | တိုင်းရင်းသား/သူများအဖွဲ့ |

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရန်ကုန်မြို့၌ သူနာပြု – သားဖွား ဒီပလိုမာအောင်လက်မှတ် အပ်နှင်းပွဲအခမ်းအနားကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၃၀

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်သူနာပြုသင်တန်းကျောင်း၊ ဖလမ်းသူနာပြုသင်တန်းကျောင်း၊ သူနာပြုနှီးနွှယ်ကွင်းဆင်းလေ့ကျင့်သင်တန်းကျောင်း၊ သန်လျင်သားဖွားသင်တန်းကျောင်း၊ ဗဟိုအိမ်တိုင်ရာရောက် သားဖွားသင်တန်းကျောင်းနှင့် မြောက်ဥက္ကလာပ သူနာပြုသင်တန်းကျောင်းတို့၏ သူနာပြု–သားဖွား ဒီပလိုမာအောင်လက်မှတ် အပ်နှင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မိမိတို့၏ သူနာပြုအတတ်ပညာဖြင့် လူနာများကို ပြုစုစောင့်ရှောက်ရသည့် လုပ်ငန်းများသည် လွန်စွာမွန်မြတ်သည့်အလုပ်တစ်ခုဖြစ်ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးကို အထူးအလေးထားစောင့်ရှောက်ပေးကြရန်နှင့် မိမိကိုယ်တိုင်လည်း ကျန်းမာကြံ့ခိုင်ရန်လိုအပ်ကြောင်း၊ ပြည်သူလူထု၏ နေထိုင်မှုစနစ်ကိုလေ့လာပြီး မိမိတို့မှ စွမ်းနိုင်သလောက် ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ နိုင်ငံတော်အတွက် သားကောင်းသမီးကောင်းများဖြစ်အောင် ကြိုးစားကြရန်နှင့် ဒီပလိုမာအပ်နှင်းခံရမည့်သူများအတွက် ဝမ်းသာဂုဏ်ယူကြောင်း ပြောကြားသည်။

ထို့နောက် ဒီပလိုမာအပ်နှင်းခံရသူ ၃၀၃ ဦးအား သက်ဆိုင်ရာသင်တန်းကျောင်းများမှ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သူနာပြု–သားဖွား ဒီပလိုမာအောင်လက်မှတ်များကို အပ်နှင်းပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ရန်ကင်းမြို့နယ် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၊ စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခု၊ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှစ်ခုနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု တို့ကို အတည်ပြုပေးကြသည်။

အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ ထုတ်လုပ်၍ ၁၀၀ ရာခိုင်နှုန်း ပြည်တွင်း၌ ရောင်းချခြင်းလုပ်ငန်း၊ ဆန်ကြိတ်ခွဲ၍ ပြည်ပသို့ ၉၀ ဒသမ ၇၄ ရာခိုင်နှုန်း တင်ပို့၍ ပြည်တွင်း၌ ၉ ဒသမ ၂၆ ရာခိုင်နှုန်း ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်း၊ လယ်ယာထွက်သီးနှံများအား တန်ဖိုးမြှင့်တင်ထုတ်လုပ်ပြီး ၁၀၀ ရာခိုင်နှုန်းပြည်ပသို့တင်ပို့ခြင်းလုပ်ငန်း၊ Recycle Metal Scraps Product အမျိုးမျိုးအား ခွဲခြားထုပ်ပိုး၍ ၁၀၀ ရာခိုင်နှုန်း ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်း၊ SKD စနစ်ဖြင့် လောင်စာဆီသုံး (၂)ဘီး၊ (၃)ဘီး မော်တော်ဆိုင်ကယ်အမျိုးမျိုးတပ်ဆင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ပြည်တွင်း၌ ၁၀၀ ရာခိုင်နှုန်း ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းတို့ဖြစ်ကာ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ ငွေကျပ် ၉၅၆၄ ဒသမ ၀၂၀ သန်းနှင့်အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၈၈ ဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း ၄၁၅ ဦးအတွက် ဖန်တီးပေးနိုင်ခဲ့ကြောင်းနှင့် အစည်းအဝေးတွင် ပြည်တွင်းဝန်ထမ်း ၄၃၀ ဦး တိုးမြှင့်ခန့်ထားခွင့်တင်ပြလာသည့်လုပ်ငန်းတစ်ခုအပါအဝင် အထွေထွေကိစ္စရပ်များတင်ပြလာသည့် ကုမ္ပဏီ ၁၇ ခု၏တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“ပြည်ဖျက်တွေမျှော်လင့်သလိုဖြစ်မလာခဲ့သော ဒီမိုကရေစီရွေးကောက်ပွဲ”**ခေါင်းစဉ်ဖြင့် ၃၁–၁၂–၂၀၂၅ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၇–၁–၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ပြည်သူကို ဖမ်းဆီးငွေညှစ် ခြားပြတိုက်နေတဲ့ PDF ခြားပြအကြမ်းဖက်အဖွဲ့”**ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉–၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

# စည်းလုံးညီညွတ်မှုဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည့် အမိမြန်မာပြည်လွတ်လပ်ရေး

ဆုလတ်မေ

**နိုင်ငံ**တစ်နိုင်ငံ၊ လူမျိုးတစ်မျိုး ရှင်သန်ဖွံ့ဖြိုးခြင်းနှင့်တိုးတက်မြင့်မားခြင်းသည် လွတ်လပ်ရေးဟူသည့် အုတ်မြစ်ကို ခိုင်မာစွာတည်ဆောက်ထားနိုင်ခြင်းကြောင့်ဖြစ်သည်။ လွတ်လပ်သောနိုင်ငံဖြစ်မှသာ အချုပ်အခြာအာဏာပိုင်ဆိုင်မှုရှိပြီး ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ပိုင်နက်နယ်မြေ၊ ကိုယ့်နိုင်ငံသား၊ ကိုယ့်လူမျိုးနှင့် ကိုယ်ပိုင်အုပ်ချုပ်သူအစိုးရဖြင့် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ အလွယ်တကူရောက်ရှိခဲ့ခြင်းမဟုတ်ပေ။ ဇာတိသွေး၊ ဇာတိမာန်ထက်သန်ပြီး နိုင်ငံချစ်စိတ်အပြည့်အဝရှိသော ရဟန်းရှင်လူပြည်သူလူထုတို့က အသက်၊ သွေး၊ ချွေးများကို စတေး၍ နယ်ချဲ့ကိုတိုက်ထုတ်၊ ဖက်ဆစ်ကိုတွန်းလှန်ကာ ရယူခဲ့ရသည့် လွတ်လပ်ရေးဖြစ်သည်။ လွတ်လပ်ရေးရမှ ဖြစ်မည်ဟူသော မြန်မာမျိုးချစ်သူရဲကောင်းတို့၏ မဆုတ်မနစ်သောဇွဲ၊ အနိုင်မခံအရှုံးမပေးသည့်စိတ်နှင့် ရဲရင့်သည့် သတ္တိသွေးတို့ဖြင့် လွတ်လပ်ရေးကို ရယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံများစွာကို တစ်ချိန်က ကျူးကျော်ကျွန်ပြုခဲ့ကြသည့် နယ်ချဲ့နိုင်ငံများသည် ယခုမျက်မှောက်ကာလတွင်လည်း နိုင်ငံငယ်များကို လွှမ်းမိုးခြယ်လှယ်၍ ခေတ်သစ်ကိုလိုနီဝါဒကို ပုံဖော်အသက်သွင်းလျက်ရှိကြသည်။ ဒုတိယကမ္ဘာစစ်အပြီး လက်လွှတ်ခဲ့ရသည့် ၎င်းတို့ကျွန်ပြုခဲ့သော နိုင်ငံများ၏လွတ်လပ်ရေးကို တစ်နည်းနည်းဖြင့်ထိပါးကာ ပြန်လည်ချုပ်ကိုင်စိုးမိုးနိုင်ရန် အားထုတ်လျက်ရှိကြသည်။ မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးရပြီးချိန်မှစ၍ ယခုထိရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခများ၌ ပြည်ပစွက်ဖက်မှုများက နောက်ကွယ်မှ ကြိုးကိုင်လျက်ရှိပြီး ခေတ်အဆက်ဆက်အစိုးရများအား ဆန့်ကျင်သည့် နိုင်ငံရေးလှုပ်ရှားမှုများတွင်လည်း မြှောက်ထိုးပင့်ကော် ပါဝင်နေသည်ကိုတွေ့ရသည်။

လင်းလက်တောက်ပစေရန်တို့အတွက် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများအကြား၊ တိုင်းရင်းသားပြည်သူအချင်းချင်းအကြား စည်းလုံးညီညွတ်မှု ခိုင်မာစွာတည်ဆောက်၍ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ရေရှည်တည်တံ့စေရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

**လွတ်လပ်ရေးသမိုင်းကြောင်း**

နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးသမိုင်းကြောင်းဆိုသည်မှာ ယင်းနိုင်ငံ၏ အသည်းနှလုံးဟုဆိုရမည်ဖြစ်သည်။ မိမိတို့မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်တို့၏ ၁၈၂၄ ခုနှစ်တွင် ပထမကျူးကျော်စစ်၊ ၁၈၅၂ ခုနှစ်တွင် ဒုတိယကျူးကျော်စစ်နှင့် ၁၈၈၅ ခုနှစ်တွင် တတိယကျူးကျော်စစ်တို့ဆင်နွှဲခံရပြီး နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရသည်။ ကျူးကျော်စစ်ကြီးသုံးကြိမ်ဖြစ်ပွားပြီးနောက် ဆုံးရှုံးခဲ့ရသော နယ်မြေများကို ပြန်လည်ရရှိရန် နိုင်ငံ့သူ၊ နိုင်ငံသားများက ကြိုးစားခဲ့ကြသော်လည်း ခေတ်မီလက်နက်မရှိခြင်း၊ ညီညွတ်စွာ စုစည်းဦးဆောင်နိုင်သော ခေါင်းဆောင်မရှိခြင်း၊ မိမိတို့ဒေသအလိုက်သာ ၎င်းတို့ကြိုးကိုင်ခြယ်လှယ်နိုင်သည့် နိုင်ငံမဟုတ်ပါက နိုင်ငံရေးမတည်မငြိမ်ဖြစ်စေရန်၊ ပြည်တွင်းပဋိပက္ခတိုက်ပွဲများဖြင့် သံသရာလည်၍ ဆင်းရဲမှုကို နာလန်မထူနိုင်စေရန်၊ နိမ့်ကျသည့်နိုင်ငံဘဝသို့ရောက်ရှိစေရန် လုပ်ကြံဖန်တီးကြသည်။ နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် နိုင်ငံသားတို့၏ စည်းလုံးညီညွတ်မှုပျက်ပြားလျှင် အချိန်မရွေးဆုံးရှုံးသွားနိုင်သည်။ ထို့ကြောင့် နိုင်ငံအတွက် လွတ်လပ်ရေးသည် အဖိုးအနဂ္ဃထိုက်တန်သောကြောင့် နိုင်ငံသားအားလုံးက ကာကွယ်စောင့်ရှောက်ထိန်းသိမ်းကြရမည်ဖြစ်သည်။

အတိတ်သမိုင်းကပင်ရှိနေသော တိုင်းရင်းသားညီအစ်ကိုများအကြား သံသယနှင့်ပဋိပက္ခများကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အဟန့်အတားဖြစ်စေသည်ကို သဘောပေါက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဂုဏ်ကျက်သရေတော်လှန်နေခြင်းတို့ကြောင့် အကျိုးမထင်သော အခြေအနေများကြုံတွေ့ခဲ့ရသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် သခင်အောင်ဆန်းခေါင်းဆောင်သည့် မျိုးချစ်လူငယ်များသည် ရဲဘော်သုံးကျိပ်အဖြစ်ဖွဲ့စည်းပြီး ဂျပန်ပြည်သို့ စစ်ပညာသွားရောက်သင်ယူခဲ့သည်။ သူ့ကျွန်မခံလိုသောကြောင့် ဇာတိမာန်တက်ကြွကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အသက်၊ သွေး၊ ချွေးတို့ဖြင့်ရင်းနှီးပြီး မြန်မာနိုင်ငံ၏လွတ်လပ်ရေးကို အရယူခဲ့ကြသည်။

နှစ်ပေါင်း ၁၀၀ ကျော် တိုင်းတစ်ပါးလက်အောက်မှ လွတ်မြောက်ရန် အသက်၊ သွေး၊ ချွေးများစွာ ရင်းနှီးပေးဆပ်ခဲ့ရပြီး လွတ်လပ်ရေးရရှိရန် စွမ်းဆောင်ကြရာ၌ အရေးပါဆုံးလက်နက်မှာ နှလုံးရည်လက်နက်ဖြစ်သည်။ ထို့အတူ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ပညာနှင့် ဗဟုသုတရှိမှုတို့သည်လည်းအရေးပါကြောင်း တွေ့ရှိခဲ့ရသည်။ ဗြိတိသျှလက်အောက်ခံဘဝ၊ ဖက်ဆစ်လက်အောက်ခံဘဝတို့မှသည် ဂျပန်ခေတ်ရွှေရည်စိမ်လွတ်လပ်ရေးရရှိခဲ့မှု၊ ဂျပန်ကိုတော်လှန်ပြီးနောက် ဗြိတိသျှလက်အောက် ပြန်လည်ရောက်ရှိခဲ့မှု ထိုမှတစ်ဆင့် လုံးဝလွတ်လပ်ရေးရရှိရန် လက်ရုံးရည်တိုက်ပွဲများမှသည် နှလုံးရည်နှင့်ပေါင်းစပ်လျက် မြန်မာပြည်သူအားလုံး လိုလားတောင့်တခဲ့ကြသည့် လွတ်လပ်ရေးကို အဆင့်ဆင့်ဖြတ်သန်းရယူခဲ့ကြောင်း သမိုင်းဝိညာဉ်များက သက်သေပြလျက်ရှိသည်။

**မြန်မာ့သမိုင်းတစ်လျှောက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြသည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ဆုံးရှုံးခြင်းမဖြစ်ရအောင် အစဉ်သတိပြုကြစေရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်** ရည်ရွယ်၍ နှစ်စဉ်လွတ်လပ်ရေးနေ့သို့ရောက်တိုင်း လွတ်လပ်ရေးနေ့ဦးတည်ချက်များချမှတ်ကာ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အလံတင်အခမ်းအနားများကို နိုင်ငံတစ်ဝန်း ကျင်းပလျက်ရှိသည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်မည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် အမျိုးသားရေးဦးတည်ချက်(၄)ရပ်ကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

(၂) ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

(၃) လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

(၄) ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

ထို့ပြင် **နိုင်ငံအတွက် စွမ်းစွမ်းတမံထမ်းရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဘွဲ့ထူး၊ ဂုဏ်ထူးများချီးမြှင့်ခြင်းကို လွတ်လပ်ရေးရပြီးကာလမှစ၍ အထင်အရှားပြုလုပ်လာကြသည်။ ထိုသို့ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် အသိအမှတ်ပြုတံဆိပ်များ ချီးမြှင့်ခြင်းသည် အနာဂတ်တွင် တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် စွမ်းဆောင်နိုင်သော လူတော်လူကောင်းများ နှစ်စဉ်ပေါ်ထွက်လာနိုင်စေရန်ရည်ရွယ်ခြင်းဖြစ်သည်။ လွတ်လပ်ရေးနေ့အခမ်းအနားများပြုလုပ်ခြင်းဖြင့် ပြည်သူလူထုအကြား လွတ်လပ်ရေးကို ထိန်းသိမ်းလိုသော စိတ်ဓာတ်များ၊ တိုင်းပြည်နှင့်လူမျိုးအပေါ် ချစ်မြတ်နိုးသော တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များ ရှင်သန်တိုးပွားလာမည်ဖြစ်သည်။**

**လွတ်လပ်ရေးနှင့် နိုင်ငံသား၏တာဝန်**

လွတ်လပ်ရေးဆိုသည်မှာ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံအတွက် အလွန်တန်ဖိုးကြီးသော အခြေခံအခွင့်အရေးတစ်ရပ်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ လွတ်လပ်ရေးရရှိရန် အတိတ်ကာလတွင် အနစ်နာခံမှုများ၊ စွန့်လွှတ်မှုများနှင့် သွေးချွေးများကို ပေးဆပ်ခဲ့ရသည်။ ထိုလွတ်လပ်ရေးကြီးကို ထိန်းသိမ်းထားနိုင်ရန်အတွက် နိုင်ငံသားတိုင်း၏တာဝန်သည် အရေးကြီးဆုံးဖြစ်လာသည်။ လွတ်လပ်ရေးရရှိထားသော နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံသားများသည် မိမိတို့၏အခွင့်အရေးများကို ရရှိနိုင်သကဲ့သို့ တာဝန်များကိုလည်း ထမ်းဆောင်ရသည်။ ဥပဒေကိုလေးစားလိုက်နာခြင်း၊ လူမှုစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းတို့သည် နိုင်ငံသား၏အခြေခံတာဝန်များဖြစ်သည်။ ထိုသို့ လိုက်နာခြင်းဖြင့် လူမှုအေးချမ်းသာယာရေးကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

နိုင်ငံသားတစ်ဦးအနေဖြင့် မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်ရှိရမည်။ နိုင်ငံ၏အကျိုးစီးပွားကို ဦးစားပေးစဉ်းစားခြင်း၊ ပြည်သူအချင်းချင်း စည်းလုံးညီညွတ်စွာနေထိုင်ခြင်းတို့သည် လွတ်လပ်ရေးကို ရေရှည်တည်တံ့စေရန်အရေးပါသည်။ ထို့ပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ကူညီခြင်းသည်လည်း နိုင်ငံသား၏ တာဝန်တစ်ရပ်ဖြစ်သည်။

✿ လွတ်လပ်ရေးဆိုသည်မှာ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံအတွက် အလွန်တန်ဖိုးကြီးသော အခြေခံအခွင့်အရေးတစ်ရပ်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ လွတ်လပ်ရေးရရှိရန် အတိတ်ကာလတွင် အနစ်နာခံမှုများ၊ စွန့်လွှတ်မှုများနှင့် သွေးချွေးများကို ပေးဆပ်ခဲ့ရသည်။ ထိုလွတ်လပ်ရေးကြီးကို ထိန်းသိမ်းထားနိုင်ရန်အတွက် နိုင်ငံသားတိုင်း၏တာဝန်သည် အရေးကြီးဆုံးဖြစ်လာသည်။

✿ နိုင်ငံသားတစ်ဦးအနေဖြင့် မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်ရှိရမည်။ နိုင်ငံ၏အကျိုးစီးပွားကို ဦးစားပေးစဉ်းစားခြင်း၊ ပြည်သူအချင်းချင်း စည်းလုံးညီညွတ်စွာနေထိုင်ခြင်းတို့သည် လွတ်လပ်ရေးကို ရေရှည်တည်တံ့စေရန်အရေးပါသည်။

✿ ယနေ့နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးအား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းပြီး ကြုံတွေ့လာရမည့် စိန်ခေါ်မှုအခက်အခဲများကို ညီညီညွတ်ညွတ်ဖြင့် စုပေါင်းကျော်လွှားကြရမည်ဖြစ်ပေသည်။ သို့မှသာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမျှော်မှန်းသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးသို့ အလျင်အမြန်ရောက်ရှိနိုင်ပြီး ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားခြင်းနှင့်အတူ လွတ်လပ်ရေး၏အနှစ်သာရနှင့် အသီးအပွင့်များကို နိုင်ငံသားပြည်သူများ ရရှိခံစားနိုင်ကြမည်။

စာမျက်နှာ ၁၄ သို့ ⊃

➲ စာမျက်နှာ ၁၃ မှအဆက်

နိုင်ငံသားတိုင်းက မိမိတာဝန်ကို သိရှိနားလည်ပြီး ထမ်းဆောင်နိုင်ပါက နိုင်ငံ၏လွတ်လပ်ရေးသည် ပိုမိုခိုင်မာတည်တံ့လာမည်ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်ရေးကိုတန်ဖိုးထားကာ နိုင်ငံသား၏ တာဝန်များကို အပြည့်အဝထမ်းဆောင်ခြင်းသည် မိမိကိုယ်တိုင်အတွက်သာမက နိုင်ငံအနာဂတ်အတွက်ပါ အလွန်အရေးကြီးသည်ဟုဆိုလိုခြင်းဖြစ်သည်။

ယနေ့နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးအား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းပြီး ကြုံတွေ့လာရမည့် စိန်ခေါ်မှုအခက်အခဲများကို ညီညီညွတ်ညွတ်ဖြင့် စုပေါင်းကျော်လွှားကြရမည်ဖြစ်ပေသည်။ သို့မှသာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်မှန်းသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးသို့ အလျင်အမြန်ရောက်ရှိနိုင်ပြီး ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားခြင်းနှင့်အတူ လွတ်လပ်ရေး၏အနှစ်သာရနှင့် အသီးအပွင့်များကို နိုင်ငံသားပြည်သူများ ရရှိခံစားနိုင်ကြမည်ဖြစ်သည်။

**၂၁ ရာစုတွင်မွေးဖွားလာကြသော မျိုးဆက်သစ်များအနေဖြင့် လွတ်လပ်ရေး၏တန်ဖိုးကို လက်တွေ့ခံစားသိရှိနိုင်သကဲ့သို့ သမိုင်းတွင် လွတ်လပ်ရေးဆုံးရှုံးမှု၏ ခါးသီးသောအရသာကို စာအုပ်စာပေများထဲတွင် ရှာဖွေဖတ်ရှုနိုင်ကြပေသည်။ ဒီမိုကရေစီစနစ်သစ်ထွန်းကားနေချိန် လူ့အခွင့်အရေးတည်းဟူသော လူသားတစ်ဦးချင်းစီ၏ လွတ်လပ်မှုကို ဦးစားပေးလာချိန်တွင် နိုင်ငံ၏လွတ်လပ်ရေးကိုလည်း မမေ့မလျော့ ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည်။**

စင်စစ် အတိတ်သမိုင်းဟူသည် ဂုဏ်ယူဖွယ်ရာများ၊ သင်ခန်းစာယူဖွယ်ရာများနှင့်အပြည့်သာဖြစ်သည်။ နိုင်ငံလွတ်လပ်ရေးအတွက် တောင်ပေါ်မြေပြန့်နေရာအနှံ့မှ တိုင်းရင်းသားတို့ ညီညွတ်ခဲ့ကြခြင်း၊ လွတ်လပ်ရေးရပြီးနောက် ကိုလိုနီစနစ်၏ရန်ဆူးရန်ငြောင့် မျိုးစေ့တို့အပင်ပေါက်ကာ ဘာသာရေး၊ လူမျိုးရေး၊ အယူဝါဒများ၊ ပဋိပက္ခများပေါ်ထွက်လာခြင်း စသည်တို့မှာ မဝေးလှသည့် အတိတ်သမိုင်းတို့၏ သင်ခန်းစာယူဖွယ်ပင်ဖြစ်သည်။ **နိုင်ငံလွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ရေးနှင့် ကမ္ဘာ့အလယ် ဝင့်ထည်ဂုဏ်ယူနိုင်ရေးတို့အတွက် တောင်ပေါ်မြေပြန့်မကွဲပြား ဘာသာလူမျိုးမခွဲခြား၊ တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်စွာ မိမိတို့ပခုံးထက်မှ ခေတ်သမိုင်း၏ တာဝန်ကို ရှုပ်ရှုပ်ချုံချုံ ထမ်းဆောင်ကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာတို့၏ ဘိုးဘွားအစဉ်အဆက် အသက်သွေးချွေးပေါင်းများစွာနှင့် တည်ဆောက်ထားခဲ့ရသော လွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူအပေါင်းက ထိန်းသိမ်းကာကွယ် တာဝန်ယူတည်ဆောက်သွားကြရမည်**ဖြစ်ပေသည်။ ။

# သဲကုန်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

သဲကုန်း ဒီဇင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာလ ၂၉ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်သူဇာခင်တို့က မဲဆန္ဒရှင်ပြည်သူများ၊ လူငယ်လူရွယ်များ၊ နာမကျန်းသူများ၊ သက်ကြီးရွယ်အိုများနှင့် ကူးစက်ရောဂါရှိသူများ ဆန္ဒမဲပေးနိုင်ရန် လုပ်ငန်းများကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ကြရန်၊ စက်ကိုင်တာဝန်ယူမည့် ဆရာ၊ ဆရာမများအား စက်ကိုင်ကျွမ်းကျင်စေရန်



သင်တန်းပြန်လည်ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများအား တိကျမှန်ကန်မှုရှိစေရန်နှင့် ရွေးကောက်ပွဲကျင်းပနိုင်မည့် ရပ်ကွက်/ကျေးရွာအုပ်စုများအနေဖြင့် လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် အခြားလိုအပ်သည့်လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

အမရပူရ ဒီဇင်ဘာ ၃၀

ရတနာပုံတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဒီဇင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၁၀၀ လေးဦးလက်ဆင့်ကမ်း၊ မီတာ ၂၀၀ လေးဦးလက်ဆင့်ကမ်း၊ သံလုံးပစ်၊ သံပြားဝိုင်းပစ်၊ လှံတံပစ် စသည့်အားကစားနည်းများအလိုက် ပြိုင်ပွဲများကို ကျင်းပရာ ပြိုင်ပွဲဝင်အားကစားသမားများ၏ ယှဉ်ပြိုင်မှုအား ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခဌာနမှူးများ၊ ပြေးခုန်ပစ်အားကစားဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာသိမ့်အိအိခိုင်နှင့်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပြေးခုန်ပစ်အားကစားဆပ်ကော်မတီဥက္ကဋ္ဌတို့က အားကစားနည်းများအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရ အားကစားသမားများအား တစ်ဦးချင်းဆုများနှင့် ငွေသားဆုများပေးအပ်ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

**သဇင်(FM)အသံလွှင့်အစီအစဉ်**
**၃၁-၁၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၁၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မြိတ်မြို့နှင့်သုံးခွမြို့နယ်တို့ရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကိုကြည့်ရှုစဉ်။

**နေပြည်တော်  ဒီဇင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကော့လိပ်ကုက္ကို ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါ ပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၅၀ ပါးအား အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ အဆိုပါပရိယတ္တိစာသင်တိုက် ဆရာတော်အား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ဖွဲ့ထော်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာရှိဒေသခံပြည်သူ ၁၁၇ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ထားဝယ်တက္ကသိုလ်၏ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**ထားဝယ်  ဒီဇင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယနေ့နံနက် ၈ နာရီတွင် ထားဝယ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ ထားဝယ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဦးနှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာမိုးမိုးလွင်တို့က ဘာသာရပ်ဌာနအသီးသီး၏လုပ်ငန်းဆောင်ရွက်ချက်ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက်ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက စောင်းလက်သံ၊ မြကျွန်းညိုညို့ တက္ကသိုလ်သီချင်း၊ ပညာရိပ်မြုံ ထားဝယ်တက္ကသိုလ်သီချင်း၊ ချောကလျာသီချင်းဖြင့် တီးမှုတ်သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ထားဝယ်တက္ကသိုလ်ရင်ခွင်သို့ မောင်မယ်သစ်လွင်များအဖြစ် ခိုလှုံရောက်ရှိလာပြီး ခမ်းနားထည်ဝါလှသည့်အနာဂတ်ကို တည်ဆောက်ကြမည်ဖြစ်သောကြောင့်အနာဂတ်ကိုပုံဖော်ကြမည့် မျိုးဆက်သစ် လူငယ်မောင်မယ်များကိုနွေးထွေးစွာကြိုဆိုကြောင်း၊ မောင်မယ်သစ်လွင်များအားလုံးတက္ကသိုလ်ပညာသင်ကာလတစ်လျှောက်လုံး ပျော်ရွှင်စွာပညာသင်ကြားနိုင်ကြပါစေကြောင်းနှင့် နိုင်ငံတော်က အားကိုးရသော ဗလငါးတန်ပြည့်စုံသည့် ပညာတတ်လူငယ်များဖြစ်ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက မွန်ကိန္နရီ ကိန္နရာအက၊ ကရင်တိုင်းရင်းသားရိုးရာအက၊ ထားဝယ်ရေအိုးရွက်အကများဖြင့်ဖျော်ဖြေခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သီဆိုကပြဖျော်ဖြေပေးသူများကို ဂုဏ်ပြုဆုငွေများချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြဝတီ



♦ **ရှေ့ဖုံးမှအဆက်**

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စားတော်ပဲအပါအဝင် ပဲမျိုးစုံစိုက်ပျိုးတောင်သူများကို အထွက်နှုန်း တိုးတက်ကောင်းမွန်စေရန် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ စိုက်ပျိုးရေးသွင်းအားစုများ မှန်ကန်စွာ သုံးစွဲတတ်စေရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

စားတော်ပဲကို အရည်အသွေးနှင့်အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ရာ တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဒေသမရွေး စားတော်ပဲကို တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်ကြောင်းသိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မြို့နယ်များ၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ  အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မြို့နယ်များ၌ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ၊ အပိုင်း (၁) ၏ အားနည်းချက်၊ အားသာချက်များအား ပြန်လည်သုံးသပ်ခြင်းနှင့် ရွေးကောက်ပွဲအပိုင်း (၂) ကျင်းပရန် ကျန်ရှိနေသေးသောမြို့နယ်များ၌ အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ပြုလုပ်ခဲ့ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်များ၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများအားလည်းကောင်း၊ ရွေးကောက်ပွဲ အပိုင်း (၂)နှင့် အပိုင်း (၃) တွင်ပါဝင်သည့် မြို့နယ်များ၏တာဝန်ရှိသူများနှင့် မိုင်းတုံမြို့နယ်တာဝန်ရှိသူက (Video Conferencing) ဖြင့်လည်းကောင်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြသည်၊ ယင်းနောက် တိုင်းမှူးက ရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပရာတွင် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်အေးချမ်းစွာနှင့် အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး၊ ဆန္ဒမဲပေးရန်စောင့်ဆိုင်းစဉ် နားနေရန်ယာယီတဲနှင့် ထိုင်ခုံများ၊ သောက်ရေများ စီစဉ်ထားရှိရေး၊ တောင်ပေါ်ကျေးရွာများအတွက် အကြို/အပို့ မော်တော်ယာဉ်များ အဆင်သင့်စီစဉ်ထားရှိရေး၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးအဖွဲ့များနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို အသေးစိတ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၄)ဖြင့် ဆောင်ရွက်ခဲ့သည့် နွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်းစီမံကိန်း(၂၀၂၄) ပြီးမြောက်



နေပြည်တော် ဒီဇင်ဘာ ၃၀

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၄) ဖြင့် ဆောင်ရွက်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိကျေးရွာများသို့ကွင်းဆင်း၍ နွားများ၏ သားအောင်နှုန်းကို လေ့လာဆန်းစစ်ခြင်း၊ အရည်အသွေး အကဲဖြတ်စစ်ဆေးခြင်းနှင့် သားအောင်ရန် လိုအပ်သည်များကို စီမံဆောင်ရွက်ခြင်းဖြင့် နွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်းစီမံကိန်းပြီးမြောက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ယခုစီမံကိန်းတွင် ဆောင်ရွက်ခဲ့သည့် နွားအမများ၏ မျိုးပွားအင်္ဂါလမ်းကြောင်းများကို ခေတ်မီစက်ကိရိယာများဖြင့် စစ်ဆေးသုံးသပ်ခြင်း၊ Ultrasound စက်ကြီးများ၊ Hormone စမ်းသပ်ကိရိယာများ၊ မြင်လာမှုအခြေအနေကိုစစ်ဆေးသောကိရိယာများနှင့် မျိုးပွားခြင်းဆိုင်ရာကျန်းမာရေးစစ်ဆေးစနစ်များကို အသုံးပြုခြင်းအားဖြင့် နွားများ၏မျိုးပွားမှုအခြေအနေကို တိကျမှန်ကန်စွာသိရှိနိုင်ပြီး မျိုးပွားချိန်ကို မှန်ကန်စွာ ရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ စက်ကိရိယာများဖြင့် စနစ်တကျစစ်ဆေးခြင်းကြောင့် မျိုးမအောင်မှုပြဿနာများလျော့နည်းစေကာ မျိုးကောင်းမျိုးသန့်၊ မျိုးမြင့်တိရစ္ဆာန်များ တိုးတက်ပွားများလာစေပြီး နိုင်ငံတော်၏ သားငါးထုတ်လုပ်မှုဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုရာရောက်မည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းကာလပြီးဆုံးသွားပြီဖြစ်သော်လည်း စီမံကိန်းမှရရှိခဲ့သည့် သုတေသနရလဒ်များကို လက်တွေ့နယ်ပယ်တွင် ဆက်လက်အသုံးချပြီး တစ်နိုင်ငံလုံးက နွားမွေးမြူရေးလုပ်ငန်းရှင်များနှင့် တောင်သူများ၏ ဝင်ငွေတိုးတက်ရေး၊ နွားမျိုးကောင်းမျိုးသန့်များ ပွားများလာစေရန် အားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပါမောက္ခ ဒေါက်တာစိုးဝင်းနိုင်နှင့် တာဝန်ရှိသူများက စီမံကိန်းရေးဆွဲခဲ့သည့် ရည်ရွယ်ချက်နှင့် စီမံကိန်း Work Plan ပါ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းတွင် ဆောင်ရွက်ပြီးစီးခဲ့သည့်သုတေသနလေ့လာမှုနှင့်စပ်လျဉ်း၍ တွေ့ရှိချက်များ၊ စီမံကိန်းတွင် ဆောင်ရွက်ပြီးစီးခဲ့သည့် နွားများ၏ကျန်းမာရေးစောင့်ရှောက်ရာတွင် ကုသခြင်းဆိုင်ရာ တွေ့ရှိချက်များကို တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က စီမံကိန်းပြီးမြောက်အောင် ဆောင်ရွက်ရာတွင်ပါဝင်ခဲ့ကြသည့် ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၁၇) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူးက အစည်းအဝေးတွင်ဆွေးနွေးဆုံးဖြတ်ရမည့်လုပ်ငန်းရပ်များကို တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက အကြောင်းအရာတစ်ခုချင်းအပေါ် ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ကချင်ပြည်နယ်အတွင်း၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၃၀

ကချင်ပြည်နယ်အတွင်း၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)နှင့်စပ်လျဉ်း၍ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အစိုးရအဖွဲ့ရုံး၊ ခါကာဘိုရာဇီခန်းမ၌ပြုလုပ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်၊

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဖွင့်အမှာစကားအသီးသီးပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကျင်းပခဲ့သည့် မြို့နယ်(၆) မြို့နယ်မှ အားနည်းချက်၊ အားသာချက်များကို အသီးသီးဆွေးနွေးတင်ပြကြပြီး လာမည့်



ကချင်ပြည်နယ်အတွင်း၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)နှင့်စပ်လျဉ်း၍ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပမည့် ဝိုင်းမော်၊ မိုးကောင်း၊ မချမ်းဘော့မြို့နယ်များတွင် ကြိုတင်ပြင်ဆင်ထားရှိမှုအား ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

➢ **ရှေ့ဖုံးမှအဆက်**

ပိုစတာများကို မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နောက်ဆုံးရက်များတွင် ဖြုတ်သိမ်းပေးရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်အချိန်ထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများ ဖြုတ်သိမ်းထားခြင်းမရှိပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့်ညှိနှိုင်း၍ ကြော်ငြာ၊ ပိုစတာများအား ဖြုတ်သိမ်းသွားစေမည်ဖြစ်ပါသည်။ ယင်းသို့ ကြော်ငြာ၊ ပိုစတာ ဖြုတ်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကျသင့်ငွေအား သက်ဆိုင်ရာနိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပေ ၁၈၀ တံတားသစ်ဖွင့်ပွဲ၊ ကုန်ထုတ်လမ်းဖွင့်ပွဲနှင့် ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်



နေပြည်တော် ဒီဇင်ဘာ ၃၀

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေတို့ဖြင့် တည်ဆောက်ခဲ့သော နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ညောင်ပင်သာ-ရှားတော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ Submersible Bridge ပေ ၁၈၀ ရေနှိမ့်တံတားဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတား၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီအတွင်း ကျေးလက်လမ်းတံတားများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တံတားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တံတားသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေး၍ တပ်ကုန်းမြို့ "လှ" ချည်မျှင်ထုတ်လုပ်ရေးသမဝါယမအသင်း၏ "လှ" ဝါကြိတ်စက်ရုံနှင့် စက်ရက်ကန်းရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု အုန်းပင်စုကျေးရွာ၌ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဖောက်လုပ်ပေးခဲ့သည့် အုန်းပင်စုကျေးရွာကုန်ထုတ်လမ်းဖွင့်ပွဲသို့ တက်ရောက်ပြီး ကုန်ထုတ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး ဦးဆောင်ကော်မတီအတွင်းရေးမှူးက လုပ်ငန်းဆိုင်ရာဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါအစည်းအဝေးသို့ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်နှင့်ဦးစီးဌာနများမှဦးဆောင်ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီဟဒီပအားကစားခန်းမဖွင့်ပွဲအခမ်းအနား ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်



ရန်ကုန် ဒီဇင်ဘာ ၃၀

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီဟဒီပ အားကစားခန်းမ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသီဟဒီပ အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက အားကစားခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အားကစားခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ ကမ္ဘည်းမော်ကွန်းအား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အဖွင့်အမှာစကားပြောကြားကြပြီး တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့ထံ အားကစားခန်းမဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် အားကစားခန်းမတည်ဆောက်သည့် Mettle Zone Co.,Ltd. မှတာဝန်ရှိသူများက အားကစားခန်းမဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူပြီး Fitness Dance၊ မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ ကျွမ်းဘား၊ ရိုးရာခြင်းလုံး အားကစားအဖွဲ့များက သရုပ်ပြဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၅ သိန်း ချီးမြှင့်ပေးအပ်ကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးအားကစားဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းရှိမသန်စွမ်း အားကစားအဖွဲ့ချုပ်၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၉ နည်း ထည့်သွင်းကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ရေကူး၊ ပြေးခုန်ပစ်၊ စစ်တုရင်၊ အလေးမ၊ ဂိုးလ်ဘော၊ ဘောလုံး၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ သေနတ်ပစ်၊ ဘိုစီယာနှင့်ဘိုးလင်းစသည့်အားကစားနည်း ၁၁ နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အုပ်ချုပ်နည်းပြများနှင့် အားကစားသမားများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရာတွင် အသုံးပြုမည့် အထောက်အကူပြုပစ္စည်းများနှင့် အားကစားနည်းအလိုက် ပြိုင်ပွဲဝင်ဝတ်စုံ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြောင်းသိရသည်။ **မြဝတီ**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ



ရန်ကုန် ဒီဇင်ဘာ ၃၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းသံအမတ်ကြီး H.E. Mr. Iskander Azizov၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

**● ကျောဖုံးမှအဆက်**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ၂၁ မှတ်၊ ၁၄ မှတ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ၄၃ မှတ်၊ ၁၆ မှတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ၃၁ မှတ်၊ ၁၇ မှတ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို ၂၈ မှတ်၊ ၂၂ မှတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို ၁၀ မှတ်၊ ၃ မှတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို ၁၀ မှတ်၊ ၄ မှတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဒီဇင်ဘာလ ၃၁ ရက်**(ယနေ့)**တွင် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲကို နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး လွန်ဆွဲ(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲများကို နံနက် ၈ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ယှဉ်ပြိုင်မည်ဖြစ်သည်။

ထုပ်ဆီးတိုးပွဲစဉ်များအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ဥပဒေရေးရာဝန်ကြီးဌာနအသင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာနအသင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။



လွန်ဆွဲ(အမျိုးသား)ပွဲစဉ်များအဖြစ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့်ပညာရေးဝန်ကြီးဌာနအသင်း၊ တရားလွှတ်တော်ချုပ်ရုံးအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်း၊ လွန်ဆွဲ(အမျိုးသမီး)ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ တရားလွှတ်တော်ချုပ်ရုံးအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်သွားကြမည်ဖြစ်သည့်အတွက် အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**မြဝတီ**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# 525 illegal buildings used for online fraud and gambling activities in KK Park Area systematically demolished

## Confiscated items used in such crimes continuing to be systematically burned and destroyed

NAY PYI TAW December 30

The Myanmar Government is conducting clearance operations in illegal buildings located in the Shwe Kokko and KK Park areas, where online fraud and gambling activities are most heavily concentrated. These operations include entering and clearing illegal premises, demolishing confiscated illegal structures, and destroying items seized from online fraud and gambling operations. The activities are being carried out by a joint task force comprising security forces, administrative bodies, and responsible local authorities. It is reported that six additional illegal buildings in the KK Park Area were demolished today.

Today, within Section (3) of the Myawady–Maehtawthalay (KK Park) Area, one illegal four-storey building, two illegal two-storey buildings, and three illegal single-storey buildings—a total of six illegal structures used for online fraud and gambling—were further demolished. As a result, out of 635 illegal buildings identified in the KK Park Area, 525 have now been systematically demolished.


In addition, to ensure complete destruction, illegal buildings in the KK Park Area that had already been demolished using heavy machinery have also been further destroyed using controlled air and fire methods. This process has been ongoing since December 14, and as of today, five additional two-storey buildings have been completely destroyed, bringing the total number of buildings fully destroyed to 76.

Furthermore, items used in online fraud and gambling activities within the KK Park Area were again systematically burned today to prevent any reuse. The government has stated that combating online fraud and gambling is being treated as a national duty, and efforts will continue to ensure such crimes cannot take root in Myanmar. These measures will be carried out in coordination not only with domestic forces but also with the governments of neighbouring countries.


100




An illegally constructed four-storey residential building in KK Park Area (Section 3).




An illegally constructed two-storey residential building in KK Park Area (Section 3).




Demolition of illegally constructed two-storey residential buildings in KK Park Area (Section 3) using incendiary methods.




An illegally constructed single-storey residential building in KK Park Area (Section 3).



Burning and destruction of equipment used by perpetrators involved in online fraud and gambling within the KK Park Area.

# All sown acreage of maize harvested in Kyunhla Township

KYUNHLA December 30

Statistics of Township Agriculture Department stated that local farmers have harvested all sown acreage of maize in Kyunhla Township of Sagaing Region.

During this year's monsoon crop season, a total of 15,016 acres of maize for seed production were cultivated in Kyunhla Township. The harvesting of these maize fields began in August, and as of today, 100 per cent of the cultivated acreage has been harvested, with an average yield of 48.72 baskets per acre.

"This year, during the monsoon season, a total of 15,016 acres of maize for seed production were cultivated in Kyunhla Township. At present, all the cultivated fields have been fully harvested. The cultivated area even exceeded the target acreage. To ensure successful maize cultivation, we have provided farmers with awareness and training, particularly on pest and disease prevention," said Daw Myint Myint Yi, Head of the Kyunhla Township Department of Agriculture.

The Township Department of Agriculture conducted training courses, field demonstrations, and awareness programs for farmers growing both seed maize and sweet corn. These activities focused on pest prevention in advance, integrated pest management, and proper use of insecticides such as neem-based pesticides and ginger and chili extracts, along with general agricultural best practices.



In Kyunhla Township, the average yield for seed maize was reported to be over 50 baskets per acre, with a cultivation cost of about Ks-500,000 per acre. For sweet corn, the average output was around 15,000 ears per acre, and the cultivation cost was over Ks-500,000 per acre.

**SK**

# More than 7,000 acres of groundnut harvested in Budalin Township



BUDALIN December 30

The agricultural data of Budalin Township Agriculture Department stated that local farmers have harvested more than 7,000 acres of groundnut planted as monsoon crops in Budalin Township of Sagaing Region this year.

In Budalin Township, groundnut was cultivated on up to 35,035 acres during this year's monsoon crop season. Harvesting of these groundnut fields began in August, and as of today, 7,748 acres have been harvested, with yields averaging 44.38 baskets per acre.

"This year, groundnut has been cultivated on 35,035 acres in Budalin Township. Harvesting is now underway, and so far, more than 7,000 acres have been completed. As an oil crop, it is progressing successfully. Groundnut cultivation is improving year by year," said U Phyo Wai, Head of the Budalin Township Department of Agriculture.

In Budalin Township, one and a half baskets of seed are required per acre for cultivation. Expenses, including seed costs, labour charges, fertilizers, and pesticides, amount to over Ks-200,000 per acre. Yields are reported to be more than 50 baskets per acre.

This year, to ensure the success of groundnut farms in Budalin Township, prevent pest and disease outbreaks, and keep fields free from weeds, staff from the Township Department of Agriculture conducted field inspections and recorded monitoring reports.

**SMK**

# Shwebo District grows more than 1,000 acres of lima bean during this winter

SHWEBO December 30

Shwebo District Agriculture Department stated that local farmers have planted more than 1,000 acres of lima bean in Shwebo District of Sagaing Region this winter.

During the 2025–2026 winter crop season, a total of 4,460 acres of lima bean are planned for cultivation in Shwebo District. Cultivation began in October this year, and as of today, 1,764 acres have already been cultivated including 387 acres in KhinU Township, 950 acres in Wetlet Township, and 427 acres in Kyaukmyaung Sub-Township.

Daw Zar Zar Min, Deputy Director of the Shwebo District Agriculture Department, revealed: "During this year's winter crop season, we have planned to cultivate about 4,000 acres of lima bean in Shwebo District. So far, over 1,000 acres have already been cultivated, and efforts are being made to reach the planned acreage. Farmers mainly grow lima beans in the winter season, and cultivation has been successful. Since lima beans fetch a good market price, farmers are enthusiastic about growing them."

According to reports, township-wise cultivation plans for the 2025–2026 winter season in Shwebo District are as follows: 544 acres in Shwebo Township, 641 acres in KhinU Township, 2,260 acres in Wetlet Township, and 1,015 acres in Kyaukmyaung Sub-Township, totalling 4,460 acres.

During this year's monsoon crop season, local farmers in Shwebo District cultivated lima beans both as standalone crops and as intercrops to earn additional income.

Furthermore, the respective Township Agriculture Departments are supporting pulse farmers by providing technical assistance for improving crop yield, using quality and pure seed varieties, and applying necessary farming technologies. They are also conducting educational programs on prevention of crop pests and diseases, preparation and use of natural pesticides, and timely harvesting techniques to ensure better productivity and quality.

**SMK**

# Kalay Township cultivates over 3,000 acres of winter green beans

KALAY December 30

More than 3,000 acres of green beans have been planted in Kalay Township during this year winter crops planting season, according to the statistics of the Department of Agriculture for Kalay Township.

During the 2025-2026 winter crops planting season, 9,190 acres of green beans have been planned for planting in Kalay Township. The planting of green beans has started in October this year, and 3,154 acres have been planted to date.

"We are working to ensure that the target acres are fully planted. Green beans cultivation is improving year by year. There will be education on expanding green beans cultivation, and there will be education on using good and pure varieties for better yields," said Daw Man Awe, head of the Department of Agriculture for Kalay Township.

This year, the relevant Township Agriculture Department will provide green beans farmers in Kalay Township with information on obtaining good and pure varieties suitable for the region, on proper planting methods, pest control, systematic use of fertilizers, and improved yields.

**SK**




# Putin holds phone conversation with Iranian President - Kremlin

MOSCOW December 30

Russian President Vladimir Putin held on Tuesday a telephone conversation with Iranian President Masoud Pezeshkian, the Kremlin said.

"During a telephone conversation with Russian President Vladimir Putin, Iranian President Masoud Pezeshkian condemned the Kiev regime's large-scale drone attack on the Russian presidential residence in the Novgorod region," the Kremlin said in a statement.

The presidents discussed the situation around Iran's nuclear program, the Kremlin added.

"An exchange of views also took place on issues of further strengthening Russian-Iranian cooperation in various areas, including energy and transport infrastructure," the statement read.

Pezeshkian congratulated Putin on the upcoming New Year, while the Russian president conveyed his best wishes on the occasion of Iran's national holiday, the statement added.

**Sputnik**

# Former Bangladesh PM dies

DHAKA December 30

Former Bangladesh Prime Minister Begum Khaleda Zia passed away at the age of 80 in a Dhaka hospital on Tuesday after battling prolonged health issues, her Bangladesh Nationalist Party (BNP) said in a statement.

She was the South Asian nation's first female prime minister, serving as the head of the government from 1991 to 1996 and 2001 to 2006.

"I am deeply saddened and grief-stricken by her death," Muhammad Yunus, chief adviser of the interim government of Bangladesh said. He added that Zia "represented an important chapter" in the history of Bangladesh.

"Despite political differences, her long political journey dedicated to national welfare, her people-oriented leadership, and her firm resolve always showed the way," Yunus said.

Zia's death was also mourned by Indian Prime Minister Narendra Modi and Pakistani Prime Minister Shehbaz Sharif.

Besides serving as leader of the opposition twice, Zia was the country's first lady from 1977 to 1981. Her husband Ziaur Rahman, Bangladesh's sixth president, was assassinated by members of the country's army in 1981. A bitter rival of former prime minister Sheikh Hasina, Zia faced several corruption cases but was acquitted by the country's Supreme Court.

Last week, her son Tarique Rahman, acting chairman of the BNP, returned to Dhaka after nearly 17 years in exile. Rahman is projected to be a key contender in the country's general elections, which are to be held in February.

On Monday, the National Citizen Party (NCP), which was born out of the protest movement that ousted Hasina last year, said it has formed an electoral alliance with Jamaat-e-Islami – an Islamist party. This has caused a rift in the NCP, which has positioned itself as a centrist, reformist alternative to the BNP and Hasina's Awami League.

In recent days, Bangladesh has seen a wave of violence prompted by the murder of Sharif Osman Hadi, one of the most prominent leaders of the 2024 uprising, who was shot by masked assailants in Dhaka earlier this month.

Following his death, protesters took to the streets throughout the country, demanding the arrest of the assailants, chanting anti-India slogans, and rioting. Protesters attacked and set fire to the offices of two prominent newspapers.

**RT**

# Brazil's metropolitan Sao Paulo faces drinking water crisis: authorities



SAO PAULO December 30

The metropolitan region of Sao Paulo, the most populated urban area in Brazil, is facing an emergency in its drinking water supply, authorities said Monday.

According to authorities, the current water crisis is the result of an intense heat wave, a sharp rise in consumption, and a persistent drought that has left reservoirs at critically low levels in the South American area with around 20 million inhabitants.

The crisis came amid structural changes in the sanitation sector. In 2024, the Sao Paulo state government privatized the Basic Sanitation Company of Sao Paulo State (Sabesp), formerly the largest publicly owned sanitation company in Latin America, which since August has applied overnight cuts to drinking water service.

According to a Sao Paulo state government release, data from Sabesp show that water consumption in metropolitan Sao Paulo rose as much as 60 percent last week, even though nearly 30 percent of the population is outside the region for the holiday period.

In response, state authorities reinforced guidelines for conscious water use and the adoption of "urgent measures to reduce waste."

Rationing implemented since August has saved an estimated 57 billion liters of water, authorities said.

Despite those measures, the combination of higher consumption and lack of rainfall continues to affect reservoir levels of water in the Integrated Metropolitan System, which is currently operating at only 26.42 percent of total capacity.

**Xinhua**

# Russian Railways to invest US$-1.53 billion to build first high-speed rail in 2026

MOSCOW December 30

Russian Railways said on Tuesday that it plans to invest 120 billion rubles (US$-1.53 billion) in 2026 for building the country's first high-speed railway.

The state-owned company published the plan on its Telegram channel. The railway between Moscow and St. Petersburg is designed to be a 700 km-long specialized electrified double-track line for trains operating at speeds between 200 and 400 km per hour.

The high-speed railway is expected to shorten the inter-city travel time to two hours and 15 minutes.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 39 if I knew ... I wish I knew ...

**D** We do not usually say 'if ... would'. We use **would ('d)** in the other part of the sentence:

- **If** I **were** rich, I **would** travel a lot. (not If I would be rich)
- Who **would** you ask **if** you **needed** help? (not if you would need)

In the same way we say:

- **I wish I had** something to read. (not I wish I would have)
- **I wish** she **were** here now. (not I wish she would be)

For **'I wish** ... **would** ...' see Unit 41.

**E** **Could** sometimes means 'would be able to' and sometimes 'was/were able to':

- She **could get** a better job if she **could speak** another language. (she **could get** = she **would be able** to get) (if she **could speak** = if she **was able** to speak)
- I wish I **could** help you. (I wish I **could** = I wish I **was able**)

could → Units 26–27   if I do / if I did → Unit 38
if I had known / I wish I had known → Unit 40   wish → Unit 41

# Exercises

**39.1 Put the verb into the correct form.**

1 If I knew (I / know) his number, I would phone him.
2 I wouldn't buy (I / not / buy) that coat if I were you.
3 .............................. (I / help) you if I could, but I'm afraid I can't.
4 This soup isn't very nice.............................. (it / taste) better if it wasn't so salty.
5 We live in a city and don't need a car, but we would need one if.................... (we / live) in the country.
6 If we had the choice, .................................... (we / live) in the country.
7 I'd make a lot of changes if ....................... (I / be) the manager of the company.
8 I wouldn't call someone in the middle of the night if ........................ (it / not / be) important.
9 If I were you, ...................... (I / not / wait). .......................... (I / go) now.
10 You're always tired because you go to bed so late. If .................................... (you / not / go) to bed so late every night, ................................................ (you / not / be) tired all the time.
11 I think there are too many cars. If .......................... (there / not / be) so many cars, .......................... (there / not / be) so much pollution.
12 We all need jobs and money, but what ..................... (you / do) if ................................ (you / not / have) to work?

**39.2 Write a sentence with if ... for each situation.**

1 We don't see you very often because you live so far away.
If you didn't live so far away, we'd see you more often.
2 I like these shoes but they're too expensive, so I'm not going to buy them.
I....................................... them if....................................... so ....................................................
3 We'd like to go on holiday, but we can't afford it.
We ................................................ if ....................................................
4 It would be nice to have lunch outside but it's raining, so we can't.
We ..................................................................................................
5 I don't want his advice, and that's why I'm not going to ask for it.
If ....................................................................................................

Raymond Murphy

## ကလေးဘဝမှာ ဖုန်းကြည့်ချိန်များသူများ ဆယ်ကျော်သက်တွင် စိတ်ပူပန်မှုများဖြစ်လာနိုင်



စင်ကာပူက ပညာရှင်တွေ ၁ဂ နှစ်ကျော်ကြာအောင် လေ့လာလိုက်တဲ့အခါ စိတ်ဝင်စားစရာ အချက်တစ်ခုကိုတွေ့လိုက်ရပါတယ်။ အဲဒါကတော့ အသက်နှစ်နှစ်အောက်ကလေးတွေမှာ ဖုန်း ဒါမှမဟုတ် တီဗွီကြည့်ချိန် အရမ်းများရင် သူတို့ဆယ်ကျော်သက်အရွယ်ရောက်တဲ့အခါ စိတ်ပူပန်တတ်တဲ့ရောဂါ ပိုဖြစ်လာနိုင်ပြီး ဆုံးဖြတ်ချက်ချတဲ့နေရာမှာလည်း တခြားကလေးတွေထက် ပိုနှေးကွေးသွားတတ်တယ် ဆိုတာပါပဲ။

ဒါက ဘာကြောင့်လဲဆိုရင် ဖန်သားပြင်တွေကို အကြည့်များတဲ့အတွက် ကလေးရဲ့ ဦးနှောက်ထဲက အမြင်အာရုံနဲ့ သိမြင်မှုဆိုင်ရာ အစိတ်အပိုင်းတွေဟာ ပုံမှန်မဟုတ်ဘဲ စောစောစီးစီးရင့်ကျက်သွားလို့ပါ။ ဒီလိုဖြစ်သွားတဲ့အခါ ကလေးဟာ ပြောင်းလဲလာတဲ့ အခြေအနေတွေအပေါ် လိုက်လျောညီထွေဖြစ်အောင် လုပ်တဲ့နေရာမှာ အားနည်းသွားတတ်ပါတယ်။

ဒါပေမဲ့ သုတေသီတွေကအကြံပြုထားတာတစ်ခုရှိပါတယ်။ ဘာလဲဆိုရင် အသက်သုံးနှစ်လောက်ကစပြီး မိဘတွေက ကလေးကို စာဖတ်ပြတာမျိုး ဒါမှမဟုတ် အတူတူကစားတာမျိုးတွေကို အချိန်ပေးပြီးလုပ်ပေးမယ်ဆိုရင် အဲဒီဆိုးကျိုးတွေကို ပြန်ပြီးလျော့ပါးသွားအောင် ကူညီပေးနိုင်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ကလေးတွေရဲ့ အနာဂတ်စိတ်ကျန်းမာရေးအတွက် ငယ်စဉ်ကတည်းက ဖုန်းကြည့်ချိန်ကို ထိန်းချုပ်ပေးဖို့က တကယ့်ကိုအရေးကြီးတဲ့အခြေအနေဖြစ်လာခဲ့တာဖြစ်ပါတယ်။ **Ref: ST**

**ကိုထက်**

## ရန်သူ့ဒုံးကျည်တွေကို လမ်းကြောင်းလွဲအောင် လုပ်နိုင်မယ့် F-35 ရဲ့ လှည့်စားမှုစနစ်အသစ်

အမေရိကန်ရေတပ်က သူတို့ရဲ့ F–35 တိုက်လေယာဉ်တွေကို ရန်သူ့ရေဒါတွေနဲ့ ဒုံးကျည်တွေရန်ကနေ ပိုမိုလုံခြုံအောင် လုပ်ပေးမယ့် စနစ်တစ်ခုကိုဖန်တီးပေးဖို့ Leonardo UK ကုမ္ပဏီကို ကန်ထရိုက်ပေးလိုက်ပါပြီ။ ဒီစနစ်ကို အမေရိကန်က AN/ALQ–260(V) လို့ အမည်ပေးထားပြီး BriteCloud ဆိုတဲ့ နည်းပညာပေါ်မှာ အခြေခံထားတာပါ။

ဒီကိရိယာလေးက ဆိုဒါဘူးလောက်ပဲရှိပြီး သေးသေးလေးပါ။ လေယာဉ်ပေါ်ကနေ ဒီကိရိယာလေးကို ပစ်ထုတ်လိုက်တဲ့အခါ သူက လေယာဉ်အစစ်ရဲ့ ရေဒါလှိုင်းပုံစံမျိုးကိုတုပပြီး ထုတ်လွှတ်ပေးပါတယ်။ အဲဒီအခါ ရန်သူ့ဒုံးကျည်တွေက လေယာဉ်အစစ်နောက်မလိုက်တော့ဘဲ ဒီကိရိယာကိုပဲ လေယာဉ်အစစ်ထင်ပြီးလိုက်သွားအောင် လှည့်စားလိုက်တာပါ။


ဒီစနစ်က ဘာလို့ ထူးခြားတာလဲဆိုရင် အရင်ကသုံးတဲ့ လှိုင်းနှုန်းကြားဖြတ်နှောင့်ယှက်ခြင်းမှာဆိုရင် ရန်သူ့ဒုံးကျည်က အဲဒီလှိုင်းထွက်တဲ့နေရာကို လိုက်လာပြီးတော့ လေယာဉ်ကို ထိမှန်နိုင်ခြေ ရှိပါတယ်။ အခုကိရိယာက လေယာဉ်နဲ့ဝေးရာကို ပစ်ထုတ်လိုက်တာဖြစ်လို့ လေယာဉ်ကို ပိုပြီးဘေးကင်းစေပါတယ်။

အမေရိကန်ရေတပ်က တခြားကုမ္ပဏီတွေကို မရွေးဘဲ ဒီကုမ္ပဏီကိုပဲ ရွေးလိုက်ခြင်းက သူတို့အနေနဲ့ ၁၄ နှစ်လောက်ကြာအောင် သုတေသနလုပ်ထားခြင်းကြောင့်ပါပဲ။ **Ref: IE**

**ကိုထက်**



## 6G နည်းပညာဖြင့် ရေဒါလှိုင်းများကို စွမ်းအင်အဖြစ်ပြောင်းလဲရန် တရုတ်သုတေသီများကြိုးပမ်း



တရုတ်နိုင်ငံမှ သိပ္ပံပညာရှင်တွေဟာ အနာဂတ် 6G ဆက်သွယ်ရေးနည်းပညာကို အခြေခံပြီး ရေဒါလှိုင်းတွေကို စွမ်းအင်အဖြစ် ပြောင်းလဲပေးနိုင်မယ့် ထူးခြားတဲ့ နည်းပညာတစ်ခုကို စတင်စမ်းသပ်နေပါတယ်။

ပုံမှန်အားဖြင့် ရေဒါလှိုင်းတွေဟာ အရာဝတ္ထုတွေကို ထောက်လှမ်းဖို့အတွက်ပဲ သုံးတာဖြစ်ပေမယ့် အခုနည်းပညာကတော့ အဲဒီလှိုင်းတွေကနေ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ဖို့ ရည်ရွယ်တာပါ။ သူတို့ဟာ "Programmable Metasurface"လို့ခေါ်တဲ့ အထူးမျက်နှာပြင်တွေကိုသုံးပြီး ရေဒီယိုလှိုင်းတွေကို လိုအပ်သလို လမ်းကြောင်းပြောင်းစေကာ စွမ်းအင်အဖြစ်စုစည်းပေးတာဖြစ်ပါတယ်။

ဒီနည်းပညာသာ အောင်မြင်သွားရင် အနာဂတ်မှာ အီလက်ထရွန်နစ်ပစ္စည်းတွေကို ကြိုးမဲ့စနစ်နဲ့ အားသွင်းတာမျိုး၊ ဝေးလံတဲ့ နေရာတွေဆီကို လျှပ်စစ်လှိုင်းတွေကတစ်ဆင့် စွမ်းအင်ပို့လွှတ်တာမျိုးတွေ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါဟာ စစ်ဘက်ဆိုင်ရာမှာတင်မကဘဲ အရပ်ဘက် ဆက်သွယ်ရေးစနစ်တွေမှာပါ ကြီးကြီးမားမား ပြောင်းလဲမှုဖြစ်လာနိုင်ပါတယ်။ လက်ရှိမှာတော့ တရုတ်နိုင်ငံဟာ 6G နည်းပညာနယ်ပယ်မှာ ကမ္ဘာ့ဦးဆောင်သူဖြစ်ဖို့ ကြိုးစားနေတာကိုတွေ့ရပါတယ်။

**Ref: IE**

**ကိုထက်**

## နေရောင်ခြည်သုံးပြီး ဟိုက်ဒရိုဂျင်ထုတ်ယူနိုင်သည့် အရည်အခြေပြု စွမ်းအင်စနစ်အသစ်



ဆွီဒင်နိုင်ငံနဲ့ တရုတ်နိုင်ငံက သုတေသီတွေပူးပေါင်းပြီး နေရောင်ခြည်စွမ်းအင်ကို အရည်တစ်မျိုးထဲမှာ သိုလှောင်ထားပြီး လိုအပ်တဲ့အချိန်မှာ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့အဖြစ် ပြောင်းလဲပေးနိုင်စွမ်းရှိတဲ့ နည်းပညာအသစ်ကို တီထွင်လိုက်ပါတယ်။ ဒီစနစ်ကို Molecular Solar Thermal Energy Storage လို့ ခေါ်ပါတယ်။ နေရောင်ခြည်နဲ့ ထိတွေ့မိတဲ့အခါ ဒီအရည်ထဲက မော်လီကျူးတွေဟာ ပုံစံပြောင်းသွားပြီး စွမ်းအင်ကို နှစ်ပေါင်းများစွာကြာသည်အထိ သိမ်းဆည်းထားနိုင်ပါတယ်။

ဒီနည်းပညာရဲ့ထူးခြားချက်က သိုလှောင်ထားတဲ့ အဲဒီအရည်ကို လိုအပ်တဲ့အချိန်မှာ ဓာတ်ကူပစ္စည်းတစ်ခုနဲ့ ထိတွေ့လိုက်တာနဲ့ အပူစွမ်းအင်ထွက်လာရုံတင်မကဘဲ ဟိုက်ဒရိုဂျင်ကိုပါ ထုတ်ယူနိုင်တာပါ။ ဟိုက်ဒရိုဂျင်ဟာ အနာဂတ်အတွက် အသန့်ရှင်းဆုံးလောင်စာဖြစ်ပြီး ကားတွေ၊ စက်ရုံတွေမှာ သုံးနိုင်ပါတယ်။

ပုံမှန်နည်းလမ်းတွေနဲ့ ဟိုက်ဒရိုဂျင်ထုတ်ရင် ကုန်ကျစရိတ်များပေမယ့် ဒီနည်းပညာကတော့ နေရောင်ခြည်ကို တိုက်ရိုက်အသုံးချတာဖြစ်လို့ ပိုပြီးသဘာဝကျတဲ့အပြင် ကမ္ဘာ့စွမ်းအင်အကျပ်အတည်းကို ဖြေရှင်းပေးနိုင်မယ့် မျှော်လင့်ချက်ကို ဖြစ်ပေါ်စေပါတယ်။ **Ref: IE**

**ကိုထက်**

## ကမ္ဘာ့အကြီးဆုံး ဗို့အားမြင့်ထရန်စဖော်မာကို တရုတ်နိုင်ငံတွင် စတင်အသုံးပြု



တရုတ်နိုင်ငံက စွမ်းအင်ကဏ္ဍမှာ ကမ္ဘာ့စံချိန်တင်နိုင်မယ့် ထရန်စဖော်မာကြီးတစ်ခုကို အောင်မြင်စွာ တည်ဆောက်လိုက်နိုင်ပါတယ်။ ဒီထရန်စဖော်မာဟာ အလွန်မြင့်မားတဲ့ဗို့အား (Ultra–High Voltage) ကို ထိန်းညှိပေးနိုင်ပြီး ဝေးလံတဲ့အရပ်က စွမ်းအင်တွေကို စွမ်းအားမကျဘဲ မြို့ကြီးတွေဆီ ပို့လွှတ်ပေးနိုင်တာပါ။

တရုတ်နိုင်ငံရဲ့ အနောက်ဘက်ဒေသတွေမှာထုတ်လုပ်တဲ့ နေရောင်ခြည်နဲ့ လေစွမ်းအင်တွေကို အရှေ့ဘက်က စက်မှုဇုန်တွေဆီ ပို့လွှတ်တဲ့အခါမှာ ဒီထရန်စဖော်မာက အဓိကကျပါတယ်။

စွမ်းအင်ပို့လွှတ်တဲ့ လမ်းကြောင်းတစ်လျှောက်မှာ လျှပ်စစ်ဓာတ်အားဆုံးရှုံးမှုကို အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်တာဟာ ဒီစက်ကြီးရဲ့ အဓိကအားသာချက်ဖြစ်ပါတယ်။

ဒါ့အပြင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်လည်း အဆင့်မြင့်စနစ်တွေကို ထည့်သွင်းထားပါတယ်၊ တရုတ်နိုင်ငံအနေနဲ့ ၂ဝ၆ဝ ပြည့်နှစ်မှာ ကာဗွန်ကင်းစင်တဲ့ နိုင်ငံဖြစ်ဖို့ ရည်မှန်းထားတာကြောင့် အခုလိုမျိုး အဆင့်မြင့် စွမ်းအင်အခြေခံအဆောက်အအုံတွေကို တိုးချဲ့တည်ဆောက်နေတာဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာ့လျှပ်စစ်အင်ဂျင်နီယာလောကမှာ အကြီးမားဆုံးအောင်မြင်မှုတစ်ခုလို့ ဆိုရမှာပါ။ **Ref: IE**

**ကိုထက်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးအမျိုးသမီး ဝန်ကြီးချုပ်ဟောင်း ခါလီဒါဇီယာ ကွယ်လွန်

ဒါကာ၊ ပြည်တွင်းရေး

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးဝန်ကြီးချုပ်ဟောင်းဖြစ်သည့် ခါလီဒါဇီယာသည် ဒီဇင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် ဒါကာမြို့ရှိ ဆေးရုံ၌ ကွယ်လွန်သွားပြီဖြစ်သည်။ ကွယ်လွန်ချိန်တွင် အသက် ၈၀ ရှိပြီဖြစ်သော ခါလီဒါဇီယာသည် နှလုံး၊ အသည်းနှင့် ကျောက်ကပ်ဆိုင်ရာ ဝေဒနာများကို နှစ်ရှည်လများစွာကြာ ခံစားခဲ့ရသူဖြစ်သည်။

ခါလီဒါဇီယာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် သုံးကြိမ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံ၏ဒီမိုကရေစီအရေး လှုပ်ရှားမှုများတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

ခါလီဒါဇီယာကွယ်လွန်မှုအတွက် ကြားဖြတ်အစိုးရအဖွဲ့ အကြီးအကဲ မူဟာမက် ယူနွတ်က "နိုင်ငံ၏ကြီးမြတ်သော အုပ်ထိန်းသူတစ်ဦး ဆုံးရှုံးရခြင်းဖြစ်သည်" ဟု ဝမ်းနည်းစကားဆိုသည်။ အစိုးရကလည်း နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် သုံးရက်သတ်မှတ်ထားကြောင်းသိရသည်။ Ref: RT

# တောင်ကိုရီးယားသမ္မတ လီဂျေမြောင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံရန် လာမည့်သီတင်းပတ်တွင် တရုတ်နိုင်ငံသို့သွားမည်



ဆိုး၊ ချစ်ကြည်ရေး

တောင်ကိုရီးယားသမ္မတ လီဂျေမြောင်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးရန် လာမည့်သီတင်းပတ်အစောပိုင်းတွင် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားမည်ဖြစ်ကြောင်း သမ္မတအိမ်တော်က ဒီဇင်ဘာလ ၃၀ ရက်တွင် ထုတ်ပြန်ထားသည်။

ခေါင်းဆောင်နှစ်ဦးသည် နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးဆိုင်ရာ ဆက်ဆံရေးများ ခိုင်မာစေမည့် နည်းလမ်းများကို ဆွေးနွေးမည်ဟု မျှော်လင့်ရသည်။

သမ္မတ လီဂျေမြောင်သည် ဇန်နဝါရီလ ၄ ရက်တွင် တရုတ်နိုင်ငံသို့ထွက်ခွာမည်ဖြစ်ပြီး ပေကျင်းမြို့၌ သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ ထို့နောက် ဒီဇင်ဘာလ ၆ ရက်တွင် ရှန်ဟိုင်းမြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ပြီး ဒီဇင်ဘာလ ၇ ရက်တွင် တောင်ကိုရီးယားနိုင်ငံသို့ပြန်ရောက်မည်ဖြစ်ကြောင်း သမ္မတအိမ်တော်မှ ပြောရေးဆိုခွင့်ရှိသူ ကန်ယူးဂျုံကပြောသည်။

အဆိုပါခေါင်းဆောင်နှစ်ဦးကြား ယခုတွေ့ဆုံမှုသည် ပြီးခဲ့သော နိုဝင်ဘာလ ၁ ရက်တွင် တောင်ကိုရီးယားနိုင်ငံ ဂယောင်းဂျူးမြို့၌ ကျင်းပခဲ့သည့် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (APEC) ထိပ်သီးအစည်းအဝေး၏ဘေးပန်းတွေ့ဆုံမှုတွင် ပထမဆုံးအကြိမ်တွေ့ဆုံပြီးနောက် နှစ်လအတွင်း ဒုတိယအကြိမ်တွေ့ဆုံခြင်းဖြစ်သည်။ Ref: YH

# ဗင်နီဇွဲလားကမ်းရိုးတန်းရှိ ပစ်မှတ်များကို အမေရိကန်က တိုက်ခိုက်ခဲ့ကြောင်း ထရမ့်အတည်ပြု

ဝါရှင်တန်၊ စစ်ရေး

ဗင်နီဇွဲလားနိုင်ငံ ကမ်းရိုးတန်းရှိ မူးယစ်ဆေးဝါးများ တင်ဆောင်ရာတွင် အသုံးပြုသည့်နေရာများကိုပစ်မှတ်ထား၍ အမေရိကန်က တိုက်ခိုက်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ဒီဇင်ဘာလ ၂၉ ရက်တွင် အတည်ပြုပြောသည်။

မိုင်ယာမီမြို့၌ အစ္စရေးဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ် သမ္မတထရမ့်က တိုက်ခိုက်ခံရသောနေရာ၌ ကြီးမားသောပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ယခုအခါ ထိုနေရာမှာ မရှိတော့ကြောင်း သတင်းထောက်များကို ပြောခြင်းဖြစ်သည်။

ယခင်က ရေပြင်ပေါ်ရှိ လှေများကိုသာ တိုက်ခိုက်ခဲ့သော်လည်း ယခုအခါ ကမ်းခြေရှိ မူးယစ်ဆေးဝါး စုပုံတင်ဆောင်ရာ နေရာကိုပါ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ထရမ့်က အတိအလင်းပြောသည်။ အမေရိကန်သည် စက်တင်ဘာလမှစ၍ မူးယစ်ဆေးဝါး မှောင်ခိုလှေများကို အကြိမ် ၃၀ ထက်မနည်း တိုက်ခိုက်ထားကြောင်းသိရသည်။ Ref: BP

# ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် မလေးရှားတွင် ရေကြီးမှုဖြစ်စဉ်များ ပိုမိုများပြားလာ

ကွာလာလမ်ပူ၊ ရာသီဥတု

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ၂၀၂၄ ခုနှစ်အတွင်း မလေးရှားနိုင်ငံ၌ ရေကြီးမှုဖြစ်စဉ် ၁၃၄၅ ကြိမ်အထိဖြစ်ပွားခဲ့ရာ ၂၀၁၃ ခုနှစ်ကထက် သိသိသာသာ မြင့်တက်လာကြောင်း အစိုးရ၏တရားဝင်ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

မလေးရှားစာရင်းအင်းဌာန၏ ထုတ်ပြန်ချက်အရ တိုင်းတာရေးစခန်းအများစုတွင် ပျမ်းမျှအပူချိန်မှာ အနည်းငယ်လျော့ကျခဲ့သော်လည်း စခန်းပေါင်း ၂၂ ခု၌ နှစ်စဉ်မိုးရေချိန်မှာ သိသိသာသာမြင့်တက်လာခဲ့သည်ကိုတွေ့ရသည်။

ယခုကဲ့သို့ မိုးရေချိန်တိုးလာခြင်းသည် ရေကြီးမှုဖြစ်စဉ်များ ပိုမိုဖြစ်ပွားစေသည့် အကြောင်းရင်းဖြစ်လာပြီး မလေးရှားအစိုးရအနေဖြင့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကိုရင်ဆိုင်နိုင်ရန် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိသည်။ Ref: Xinhua

# ယူကရိန်းက ရုရှားသမ္မတနေအိမ်ကိုတိုက်ခိုက်ရန် ကြိုးပမ်းမှု ကမ္ဘာ့ခေါင်းဆောင်များရှုတ်ချ



မော်စကို၊ စစ်ရေး

ရုရှားနိုင်ငံ နော့ဗဂိုရော့ဒေသရှိ ရုရှားသမ္မတ ဗလာဒီမာပူတင်၏နေအိမ်ကို ယူကရိန်းဘက်က ဒရုန်းအစင်းရေအမြောက်အမြားအသုံးပြုပြီး ဒီဇင်ဘာလ ၂၉ ရက်တွင်တိုက်ခိုက်ရန်ကြိုးပမ်းမှုအပေါ် ကမ္ဘာ့ခေါင်းဆောင်များက အပြစ်တင်ရှုတ်ချကြောင်းသိရသည်။

ယူကရိန်းသည် ဒရုန်းအစင်းရေ ၉၁ စင်းကိုအသုံးပြုကာ ပူတင်၏နေအိမ်ကိုတိုက်ခိုက်ရန်ကြိုးပမ်းခြင်းဖြစ်သော်လည်း ယင်းကြိုးပမ်းမှုကို ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက ဟန့်တားဖျက်ဆီးလိုက်နိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ကပြောသည်။

ထို့နောက် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ထိုဖြစ်ရပ်အပေါ် များစွာစိုးရိမ်ကြောင်း ပြောသည့်အပြင် အာရပ်စော်ဘွားများပြည်ထောင်စုကလည်း ဤလုပ်ရပ်မှာ "စက်ဆုပ်ဖွယ်ကောင်းသောလုပ်ရပ်" ဖြစ်ကြောင်းနှင့် ရုရှားအစိုးရနှင့်အတူ တစ်သားတည်းရှိနေကြောင်း ထုတ်ပြန်ထားသည်။

အလားတူ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ လင်းကျန့်ကမူ ပဋိပက္ခတွင် ပါဝင်နေသူများအနေဖြင့် အခြေအနေကို ပိုမိုတင်းမာစေမည့် ရန်စမှုများကို ရှောင်ကြဉ်ရန်နှင့် ဆွေးနွေးညှိနှိုင်းမှုနည်းလမ်းဖြင့်သာအဖြေရှာရန် တိုက်တွန်းထားကြောင်းသိရသည်။ Ref: Sputnik

# အိန္ဒိယက ဒေါ်လာ ၄ ဘီလီယံတန်ဖိုးရှိ စစ်လက်နက်ပစ္စည်းများဝယ်ယူရန် အတည်ပြု

နယူးဒေလီ၊ စစ်လက်နက်

အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကိုမြှင့်တင်ရန် အမေရိကန်ဒေါ်လာ ၄ ဘီလီယံတန်ဖိုးရှိသည့် စစ်လက်နက်ပစ္စည်းများဝယ်ယူရေးကို အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုလိုက်ကြောင်း သိရသည်။ ကာကွယ်ရေးဝန်ကြီး ဦးဆောင်သည့် ကာကွယ်ရေးပစ္စည်းဝယ်ယူရေးကောင်စီက ဒီဇင်ဘာလ ၃၀ ရက်တွင် ကျင်းပသော အစည်းအဝေး၌ ဤဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဝယ်ယူမည့်ပစ္စည်းများအနက် အဓိကကျသော အစိတ်အပိုင်းမှာ အိန္ဒိယရေတပ်အတွက်လိုအပ်သည့် အဆင့်မြင့်အပေါ့စားရဟတ်ယာဉ်များနှင့် ကမ်းခြေစောင့်တပ်ဖွဲ့အတွက် ကင်းလှည့်ရေယာဉ်များဖြစ်သည်။ ထို့ပြင် အိန္ဒိယကြည်းတပ်အတွက် ခေတ်မီသည့် တင့်ဖျက်လက်နက်များနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကိုလည်း ဝယ်ယူသွားမည်ဖြစ်သည်။

ယခုဝယ်ယူမှု၏ ထူးခြားချက်မှာ ထိုစစ်လက်နက်ပစ္စည်းအများစုကို "အိန္ဒိယတွင်ထုတ်လုပ်ရေး" (Make in India) မူဝါဒနှင့်အညီ ပြည်တွင်း၌ပင် ဒီဇိုင်းရေးဆွဲထုတ်လုပ်သွားရေးပင်ဖြစ်သည်။ ယင်းကဲ့သို့ လုပ်ဆောင်ခြင်းသည် ပြည်ပနိုင်ငံများမှ စစ်လက်နက်ပစ္စည်းများတင်သွင်းမှုကိုလျှော့ချရန်နှင့် ပြည်တွင်းကာကွယ်ရေးလုပ်ငန်းကိုအားပေးရန်ဖြစ်ကြောင်းသိရသည်။ Ref: RT



# ဆုတောင်းပြည့်မယ်လမုစေတီတော် (၅၆) ကြိမ်မြောက် ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနားနှင့်ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ



ရန်ကုန်  ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့်မယ်လမုစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ ဦးစီးကျင်းပသော (၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင်အခမ်းအနားကို ဒီဇင်ဘာလ ၂၉ ရက်က ဆုတောင်းပြည့်မယ်လမုစေတီတော်၌ ကျင်းပသည်။

ရှေးဦးစွာ သံဃာတော်များနှင့် ဒေွ့ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ပြီး သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူနှင့်တာဝန်ရှိသူများ၊ ဒေွ့ပရိသတ်များက ဆုတောင်းပြည့်မယ်လမုစေတီတော် ဩဝါဒါစရိယ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာသနဓဇဓမ္မာစရိယ ဇလွန်ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆုတောင်းပြည့်မယ်လမုစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ ဦးစီးကျင်းပသော မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဆုတောင်းပြည့်မယ်လမုစေတီတော်၌ ဆက်လက်ကျင်းပရာ သံဃာတော်များနှင့် ဒေွ့ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာသနဓဇဓမ္မာစရိယ ဇလွန်ကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ သံဃာတော်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသ သုံးကြိမ်သံပြိုင်ရွတ်ဆိုကာ သံဃာတော်များက ပဋ္ဌာန်းဒေသနာတော်များအား ဒီဇင်ဘာလ ၂၉ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်အထိ ရွတ်ဖတ်ပူဇော်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်တွင် သံဃာတော်အရှင်သူမြတ် ၁၀၉ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်ဖြစ်ရာ ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဆွမ်းလောင်းအသင်းများ၊ စေတနာရှင်အလှူရှင်များအနေဖြင့် ဖုန်း- ၀၉-၇၅၇၀၃၆၁၅၂၊ ၀၉-၆၉၃၇၄၆၉၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဘုရားပွဲတော်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်မှ ၁၂ ရက်အထိကျင်းပမည်ဖြစ်ကာ ပွဲတော်ကာလအတွင်း ပျော်ပွဲရွှင်ပွဲများနှင့်ဈေးရောင်းပွဲတော်များ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# သာယာဝတီမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲနှင့် ပြပွဲပြိုင်ပွဲများကျင်းပ



သာယာဝတီ  ဒီဇင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်၌ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာအုပ်ပြပွဲနှင့်နံရံကပ်စာစောင်ပြပွဲကို ဒီဇင်ဘာလ ၃၀ ရက်တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ သာယာဝတီခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံနှင့် လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်မှုများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် အားလပ်ချိန်တွင် အသိပညာဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များလေ့လာဖတ်ရှုခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကို အသိပညာပေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် ဆရာစံမြို့သစ် အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက လွတ်လပ်ရေးနေ့ ဒို့မမေ့ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက လွတ်လပ်ရေးနေ့ခေါင်းစဉ်ဖြင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လွတ်လပ်ရေးနေ့နှင့်ပတ်သက်သည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

# တောင်ဥက္ကလာပမြို့နယ်၌ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲကျင်းပ

ရန်ကုန်  ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဟေမဝန်ဓမ္မာရုံ၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲကို ဒီဇင်ဘာလ ၃၀ ရက်တွင် ကျင်းပရာ မြို့နယ်အတွင်းရှိ မိခင်နှင့်ကလေးငယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးအေးမိုးက သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ၏ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သင်္ဃန်းကျွန်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဒါလီမျိုးဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးအေးမိုးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်မိုးအိစံနှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်မိခင်နှင့်ကလေးများအား ကြက်ဥ၊ အားဆေးနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ကြသည်။

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်ခြောက်လ၊ ခြောက်လမှတစ်နှစ်၊ တစ်နှစ်မှနှစ်နှစ်၊ သားကောင်းမိခင်နှင့် အမြွှာပြိုင်ပွဲများတွင် ပြိုင်ပွဲဝင် စုစုပေါင်း ၃၁ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြသည်။ အဆိုပါအခမ်းအနားသို့ သင်္ဃန်းကျွန်းခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ဒေသန္တရကျန်းမာရေးမှူးများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

# စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော




စစ်ကိုင်း  ဒီဇင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၂၉ ရက်က စစ်ကိုင်းမြို့ စစ်ကိုင်းပညာရေးတက္ကသိုလ်၌ကျင်းပရာ စစ်ကိုင်းပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ သင်ကြား/စီမံဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အသိပညာပေးဟောပြောပွဲတွင် စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိကျော်က မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ်စုပေါင်းကာကွယ်ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး မီးခိုးမြူငွေ့ လျှော့ချရေးနှင့် လေထုညစ်ညမ်းမှုဆိုင်ရာ အသိပညာပေး Video Clip ကို ပြသသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

# မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ(၅/၂၀၂၅)အစည်းအဝေးနှင့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**မော်လမြိုင် ဒီဇင်ဘာ ၁၀**

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ (၅/၂၀၂၅)အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပရာ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်ပြည်တွင်း၊ပြည်ပကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ ရေရှည်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံသူများ ကြုံတွေ့လာနိုင်သည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးရေးနှင့် ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး ကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်းအားပေးကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးက ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ခနောက်စိမ်းသတ္တုသန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ဝဥအလွှာခြောက်နှင့် အမှုန့် ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းမှ စုစုပေါင်းမတည်ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ခွင့်ဆောင်ရွက်ရန်၊ ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရော်ဘာသစ်ခွဲသားများ ထုတ်လုပ်ခြင်းလုပ်ငန်းမှ ရင်းနှီးမြှုပ်နှံသူအမည် ပြောင်းလဲခွင့်နှင့် အစုရှယ်ယာလွှဲပြောင်းဆောင်ရွက်ခွင့်ပြုရန်တို့ကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ် ၂၀၂၆ ခုနှစ် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပဲခူးမြို့အား တိုင်းဒေသကြီးမြို့တော်တစ်ခု အင်္ဂါရပ်နှင့်အညီဖြစ်စေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ပဲခူး ဒီဇင်ဘာ ၁၀**

ပဲခူးမြို့အား တိုင်းဒေသကြီးမြို့တော်တစ်ခု အင်္ဂါရပ်နှင့်အညီဖြစ်စေရေး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကမ္ဘောဇသာဒီနန်းတော် အဝင်မုခ်ဦးတည်ဆောက်နေမှု၊ နန်းတော်အတွင်း မြေယာရှုခင်းအလှ တည်ဆောက်နေမှု၊ ကျွန်းတိုင်လုံးဟောင်းအဆောင် ပြန်လည်တည်ဆောက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ ပေပင်ကုန်းရိုးအား ရေစီးရေလာကောင်းမွန်စေရေးနှင့် ကမ်းပြိုမှုကာကွယ်နိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၉ ဒသမ ၅၉ သန်းဖြင့် သဲနုန်းဖော်ခြင်း၊ ကျောက်စီခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ယခင်က မြေနိမ့်ချိုင့်ဝှမ်းဖြစ်နေသည့် သမိန်ဗရမ်းလမ်းအား လမ်းအင်္ဂါရပ်နှင့်အညီ ပြန်လည်ဖြစ်စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၈၀၆ ဒသမ ၃၄ သန်းဖြင့် အရှည်ပေ ၁၉၆၈ ပေ၊ အကျယ်ပေ ၄၀ မြေသားတာပေါင်ပြုလုပ်ခြင်း၊ ကွန်ကရစ်ခင်းခြင်းနှင့် RCC Box Culvert ပြုလုပ်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပဲခူးမြို့ ရွှေမော်ဓောဘုရားယာဉ်ရပ်နားဝင်းအတွင်း နှစ်သစ်ကူးပွဲတော်ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ရွှေမော်ဓောဘုရားရင်ပြင်တော်ပေါ်၌ ဘက်စုံပြုပြင်မွမ်းမံနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဥဿာတိုင်းသား**

# ရခိုင်ပြည်နယ်လွှတ်တော်အဆောက်အအုံ အကြီးစားပြုပြင်နေမှုနှင့် စစ်တွေမြို့ နာရီစင်(အဟောင်း) ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**စစ်တွေ ဒီဇင်ဘာ ၁၀**

ရခိုင်ပြည်နယ် လွှတ်တော်အဆောက်အအုံ အကြီးစားပြုပြင်နေမှုနှင့် စစ်တွေမြို့ နာရီစင်(အဟောင်း) ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရခိုင်ပြည်နယ်လွှတ်တော်အဆောက်အအုံ အကြီးစားပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးကြရာ ပြည်နယ်သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူတစ်ဦးက အကြီးစားပြုပြင်နေမှု၊ ပြီးစီးနေမှု၊ ဆက်လက်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လွှတ်တော်အဆောက်အအုံ ပင်မဆောင်၊ အစည်းအဝေးခန်း၊ ရုံးခန်းများ၊ လွှတ်တော်ရိပ်သာ၊ ထမင်းစားဆောင် ပြုပြင်နေမှုကို စစ်ဆေးပြီး လွှတ်တော်ဝင်းအတွင်း ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် စစ်တွေမြို့ နာရီစင်(အဟောင်း) ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုကို ရှင်းလင်းတင်ပြပြီး တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က စစ်တွေမြို့တည်နှစ် (၂၀၀) ပြည့် ပွဲတော်ကျင်းပမည်ဖြစ်သည့်အတွက် နာရီစင်အား အများပြည်သူ၊ ကျောင်းသား၊ကျောင်းသူများ လေ့လာနိုင်ရန် စနစ်တကျဆောင်ရွက်သွားကြရန် မှာကြားကာ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထန်းတပင်-ကော့လှိုက်-ဝင်းကျန်-ကရင်ဖာလင်-ထုံးအိုင် ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

**ဘားအံ ဒီဇင်ဘာ ၁၀**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၅၁၀ ဒသမ ၉၃၂ သန်းဖြင့် ဘောနေဝ်ထူးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပြီးစီးသော ထန်းတပင်-ကော့လှိုက်-ဝင်းကျန်-ကရင်ဖာလင်-ထုံးအိုင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထန်းတပင်-ကော့လှိုက်-ဝင်းကျန်-ကရင်ဖာလင်-ထုံးအိုင်လမ်းသည် စုစုပေါင်းလမ်းအရှည် ၆ မိုင် ၅ ဖာလုံရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၅ မိုင်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၇ ဖာလုံ၊ ပေ ၂၀ ကွန်ကရစ်တံတားတစ်စင်း၊ Box Culvert တစ်စင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ၁၀ ပေ တံတားတစ်စင်းနှင့် Box Culvert တစ်စင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်းသစ် ၆ ဖာလုံတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကာ ယခုအခါ ရာနှုန်းပြည့် ကွန်ကရစ်လမ်းအဖြစ် ချိတ်ဆက်သွားလာနိုင်ပြီဖြစ်ကြောင်းသိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ယနေ့အထိလုပ်ငန်းဆောင်ရွက်လျက်ရှိသော မြေသြဇာမှတ်ပုံတင် ၇၉၄၆ စောင်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြေသြဇာကော်မတီ၏ (၄၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မြေသြဇာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးစီမံကိန်းများအတွက် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးနှင့် မိုးသီးနှံများတွင် လိုအပ်သည့် မြေသြဇာများကို ရာသီချိန်မီဖြန့်ဖြူးပေးနိုင်ရန် ဓာတ်မြေသြဇာအရည်အသွေးမှန်ကန်မှု ရှိ/မရှိ တိုင်းဒေသကြီး ပြည်နယ်စစ်ဆေးရေးအဖွဲ့များက နမူနာရယူပြီး ကြိုတင် ဓာတ်ခွဲစစ်ဆေးခဲ့သည့်နည်းတူ ယခုစီမံကိန်းပြင်ပ သီးနှံစိုက်ပျိုးခြင်းများအတွက် ဖြန့်ဖြူးမည့်ယူရီးယား၊ ကွန်ပေါင်းမြေသြဇာများကိုလည်း အရည်အသွေးမှန်ကန်မှု ရှိ/ မရှိ တိုင်းဒေသကြီး/ ပြည်နယ်စစ်ဆေးရေးမှူးက ဓာတ်ခွဲစစ်ဆေးရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ ဓာတ်ခွဲစစ်ဆေးမှုပမာဏကို တိုးမြှင့်သွားရန်လိုကြောင်း။

သီးနှံပေါ်မူတည်၍ သီးသန့်ပြုပြင်ထုတ်လုပ်ထားသောမြေသြဇာ (Tailor-made Fertilizers or Customized Fertilizers) များကို ထုတ်လုပ်သုံးစွဲသင့်ပါကြောင်း၊ သီးသန့်ပြုပြင်ထုတ်လုပ်ထားသည့် မြေသြဇာ (Tailor-made Fertilizers) များသည်ပုံမှန်မြေသြဇာများနှင့်ကွာခြားသောအချက်များရှိပြီး သီးနှံအလိုက်လိုအပ်သည့်အာဟာရဓာတ်များပေးနိုင်မှုကြောင့် Tailor-made Fertilizers များကို ထုတ်လုပ်သုံးစွဲသင့်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြေသြဇာကော်မတီအတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့်လုပ်ငန်းများအားတင်ပြရာ မြေသြဇာကော်မတီအဖွဲ့ဝင်များနှင့် မြေသြဇာကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာကဏ္ဍများကို ဝိုင်းဝန်းစိစစ်ဆွေးနွေးဆောင်ရွက်ကြသည်။

မြေသြဇာကော်မတီအနေဖြင့်တောင်သူများအရည်အသွေးပြည့်မီသည့်မြေသြဇာများကို အချိန်နှင့်တစ်ပြေးညီ သုံးစွဲနိုင်ကြစေရန်နှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေပြီး နိုင်ငံ၏စားရေရိက္ခာဖူလုံပိုလျှံစေရန်အတွက် မြေသြဇာမှတ်ပုံတင်များကိုစနစ်တကျစိစစ်ထုတ်ပေးလျက်ရှိရာ မြေသြဇာကော်မတီ၏ (၄၅)ကြိမ်မြောက် အစည်းအဝေးအထိ မှတ်ပုံတင်လက်မှတ်ပေါင်း ၁၃၁၈၂ စောင် ခွင့်ပြုပေးနိုင်ခဲ့ပြီး ကာလကံရှင်၏တင်ပြချက်အရ ပယ်ဖျက်မှု ၂၃၀၇ စောင်နှင့် သက်တမ်းကျော်လွန်ခြင်းကြောင့် ဌာနကဖျက်သိမ်းခဲ့ရသည့် မြေသြဇာမှတ်ပုံတင် ၂၉၂၉ စောင်ရှိသည့်အတွက် ယနေ့အထိ လုပ်ငန်းဆောင်ရွက်လျက်ရှိသော မှတ်ပုံတင် ၇၉၄၆ စောင်ရှိကြောင်း သိရသည်။

မြဝတီ

# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၃၀**

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ပြန်လည်ထူထောင်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေး အဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အောက်တွင် လုပ်ငန်းအဖွဲ့ (၁၁)ဖွဲ့ဖွဲ့စည်းထားပြီး ပြန်လည်ထူထောင်ရေးအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် မူဝါဒနှင့်လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု စသည့်နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် Non-Traditional Security Threats အဖြစ်ဆက်နွယ်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ပြန်လည်ထူထောင်ရေးအဖွဲ့အတွင်းရေးမှူး ပြန်လည်ထူထောင်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်သူများက သက်ဆိုင်ရာကဏ္ဍအလိုက်ဝိုင်းဝန်းဆွေးနွေးကြကြောင်းသိရသည်။ မြဝတီ

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများကို ယနေ့နံနက်ပိုင်းတွင် ပညာရေးဂန်ကြီးဌာန ဒုတိယဂန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့သည် တာဝန်ရှိသူများနှင့်အတူ သီးခြားစီသွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဂန်ကြီး ဒေါက်တာဇော်မြင့်နှင့်အဖွဲ့သည်နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမှတ် (၁၈) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (ရန်အောင်မြင်)နှင့် အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်းတို့၌ စာသင်ခန်းများအတွင်း ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုကိုကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

အလားတူ ဒုတိယဂန်ကြီး ဦးနေမျိုးလှိုင်နှင့်အဖွဲ့သည် နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၁၃) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းတို့သို့သွားရောက်ပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေး၊ ကျောင်းမုန့်ဈေးတန်းတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများရောင်းချရေး၊ ဆိုင်ကယ်နှင့်စက်ဘီးထားရှိရန်အတွက် နေရာသတ်မှတ်ဆောင်ရွက်ထားရှိရေး၊ သန့်စင်ခန်းပြည့်စုံမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## ထူးခြားသည့် ညအပူချိန်များ

၃၀-၁၂-၂၀၂၅

| | | | | |
|---|---|---|---|---|
| လွိုင်လင် | ၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | |
| တီးတိန် | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဟားခါး | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၅ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တောင်ကြီး | ၈ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| လားရှိုး | ၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |

# ငပုတောမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိသောကျေးရွာမှ ကော်မတီဝင်များအား ငွေစာရင်း ထိန်းသိမ်းနည်းသင်တန်းပေး

ငပုတော ဒီဇင်ဘာ ၃၀

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိသော ငပုတောမြို့နယ် ကုလားချောင်းကျေးရွာအုပ်စု ကုလားချောင်းကျေးရွာနှင့် သစ်ပုတ်ထိပ်ကျေးရွာအုပ်စု သစ်ပုတ်ထိပ်ကျေးရွာမှ ကော်မတီဝင် ၁၄ ဦးအား ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးရယ်လွင်၏အနီးကပ်ကြီးကြပ်မှုနှင့်အတူစီမံကိန်းတာဝန်ခံဒုတိယဦးစီးမှူး ဒေါ်ဖူးဖူးစိုးနိုင်ကဒေသန္တရညွှန်ကြားချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း၊ ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းစသည်တို့ကိုသင်တန်းပို့ချပေးခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် အိမ်တွင်းစက်မှုလက်မှု အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

လင်းခန့်

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၂၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဆက်လက်မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၃၀

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၆ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park)အပိုင်း(၃)နယ်မြေအတွင်းရှိအွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင် ၄ ထပ်အဆောက်အအုံ ၁ လုံး၊ ၂ ထပ်အဆောက်အအုံ ၂ လုံးနှင့် ၁ ထပ်အဆောက်အအုံ ၃ လုံး စုစုပေါင်း တရားမဝင် အဆောက်အအုံ ၆ လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၂၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများဆောင်ရွက်ပြီးစီးခဲ့သည့်တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာလ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၂ ထပ်အဆောက်အအုံ ၅ လုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၇၆ လုံးတို့ကို ရာခိုင်နှုန်းပြည့်ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

၎င်းအပြင် KK park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)















KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအသုံးပြုခဲ့သည့် အသုံးအဆောင်များအား မီးရှို့ဖျက်ဆီးမှုကိုတွေ့ရစဉ်။

# တရားမဝင်လမ်းခင်းကျောက်များ၊ တရားမဝင်လမ်းခင်းကျောက်တင် မော်တော်ယာဉ်၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၃၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၂၀ ရက်**တွင် ကျောက်ဆည်မြို့နယ်အတွင်း၌ တရားမဝင်တူးဖော်ထုတ်လုပ်ထားသည့် ထုံးကျောက်ဟုယူဆရသော လမ်းခင်းကျောက် (၁)ကျင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀)နှင့် အဆိုပါလမ်းခင်းကျောက်များ တင်ဆောင်လာသည့် Forland Dump Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၄၀၀၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေး တိုင်းဒေသကြီး၌ ဖမ်းဆီး ရမိမှု။

ထို့ပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၂၅ ရက်၊ ၂၆ ရက်နှင့်၂၇ ရက်** တို့တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၂)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၅)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ **ဒီဇင်ဘာလ ၂၀ ရက်၊ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်** တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာအမှုတွဲ(၈)မှု (ခန့်မှန်းတန်ဖိုးငွေကျပ်၇၃၀၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တူးဖော်မှုများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့မှုကြောင့် တရားမဝင်ဆောင်ရွက်မှုများကို ပိုမိုတားဆီးထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

# မန်စီးတီးအသင်းက ဘုန်းမောက်အသင်းတိုက်စစ်ကစားသမား ဆီမီညိုအား လာမည့်ရက်သတ္တပတ်အတွင်း ခေါ်ယူနိုင်ရန်နီးစပ်နေ




မန်ချက်စတာ ဒီဇင်ဘာ ၃၀

မန်စီးတီးအသင်းက ဘုန်းမောက်အသင်းမှ တိုက်စစ်ကစားသမား ဆီမီညိုအားခေါ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်နေရာမှ လာမည့်ရက်သတ္တပတ်အတွင်း အပြီးသတ်ခေါ်ယူနိုင်ရန်နီးစပ်လျက်ရှိကြောင်း သိရသည်။

လာမည့်ဇန်နဝါရီလ ၁ ရက်တွင် ကစားသမားအပြောင်းအရွှေ့ကာလ တရားဝင်စတင်မည်ဖြစ်သည့်အတွက် မန်စီးတီးအသင်းက လက်ရှိအချိန်ကတည်းက ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိပြီး ဆီမီညိုကိုယ်တိုင်ကလည်း မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားလိုနေသည့်အတွက် မန်စီးတီးအသင်းနှင့် ဘုန်းမောက်အသင်းတို့ကြား စာချုပ်ဖျက်သိမ်းကြေးပေးချေမှုပုံစံကို အသေးစိတ်ဆွေးနွေးမှုများလုပ်ဆောင်နေခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းနှင့် ဆီမီညိုတို့၏ စာချုပ်သက်တမ်းမှာကျန်ရှိနေသေးသော်လည်း စာချုပ်ပါအချက်အလက်များအရ လာမည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၆၅ သန်းဖြင့် ခေါ်ယူနိုင်မည်ဖြစ်သည့်အတွက် အစောပိုင်းက မန်စီးတီးအသင်းနှင့်အပြိုင် စပါးအသင်း၊ မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ကလည်းခေါ်ယူရန် ကြိုးပမ်းခဲ့ကြသော်လည်း ဆီမီညိုကိုယ်တိုင်က မန်စီးတီးအသင်းသို့သာ ပြောင်းရွှေ့လိုနေခြင်းဖြစ်သည်။

မန်စီးတီးအသင်းနှင့် ဆီမီညိုတို့မှာ ပုဂ္ဂိုလ်ရေးအရ အစောပိုင်းကတည်းက သဘောတူညီမှုရရှိထားသည့်အတွက် မန်စီးတီးအသင်းက လာမည့်ရက်သတ္တပတ်အတွင်း အပြောင်းအရွှေ့အပြီးသတ်ဖွယ်ရှိနေကြောင်း သိရသည်။ *Ref;Fabrizio Romano*

# ဘာစီလိုနာအသင်းက လာမည့်နှစ်အတွင်း အိမ်ကွင်းနျူးကမ့်အားကစားကွင်း၌ ပရိသတ်များ ပိုမိုဝင်ရောက်ခွင့်ရရှိရန်လျှောက်ထား

ဘာစီလိုနာ ဒီဇင်ဘာ ၃၀

ဘာစီလိုနာအသင်းက လာမည့် ၂၀၂၆ ခုနှစ်တွင် အသင်းအိမ်ကွင်းသစ်ဖြစ်သည့် နျူးကမ့်အားကစားကွင်း၌ ပရိသတ်များပိုမိုဝင်ရောက်ခွင့်ရရှိရန် ဘာစီလိုနာမြို့တော်ကောင်စီထံ ခွင့်ပြုချက်လျှောက်ထားကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် အသင်းအိမ်ကွင်းသစ်တည်ဆောက်ပြီးနောက် ပြီးခဲ့သည့်နိုဝင်ဘာလမှစတင်ကာ အိမ်ကွင်းပွဲစဉ်များကို စတင်လက်ခံကျင်းပလျက်ရှိသော်လည်း အသင်းအိမ်ကွင်းစီမံကိန်းမှာ ၁၀၀ ရာခိုင်နှုန်းပြီးစီးခြင်းမရှိသေးသည့်အတွက် ပရိသတ်ဝင်ရောက်မှုမှာ အကန့်အသတ်ဖြင့်သာရရှိနေခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် လက်ရှိ အိမ်ကွင်းပွဲစဉ်များတွင် ပရိသတ်ဦးရေ ၄၆၀၀၀ သာ ဝင်ခွင့်ရရှိထားသည့်အတွက် အသင်းဝင်ငွေနည်းပါးနေသောကြောင့် အသင်းဝင်ငွေပိုမိုရရှိစေရန်နှင့် ပရိသတ်များ တိုးမြှင့်ဝင်ရောက်ရန်လိုအပ်နေ၍ မြို့တော်ကောင်စီထံ လျှောက်ထားခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းက လာမည့် ၂၀၂၆ ခုနှစ်တွင် လက်ရှိခွင့်ပြုထားသည့် ပရိသတ်အရေအတွက်ထက် နောက်ထပ် ပရိသတ်ဦးရေ ၁၆၀၀၀ ဝင်ခွင့်ရရှိရန် လျှောက်ထားခြင်းဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ကွင်းဝင်ကြေးပိုမိုရရှိလာမည်ဖြစ်သည်။

ဘာစီလိုနာအသင်းသည် လာမည့် ၂၀၂၆ ခုနှစ်တွင် အိမ်ကွင်းပွဲစဉ်များကို ကစားရမည်ဖြစ်ပြီး အိမ်ကွင်းပွဲစဉ်အဖြစ် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်တွင် အိုဗီဒိုအသင်းကို လက်ခံကစားရမည်ဖြစ်သည့်အတွက် အဆိုပါပွဲစဉ်အမီ ပရိသတ်ပိုမိုဝင်ရောက်ခွင့်ရရှိရန် လျှောက်ထားခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် အိမ်ကွင်းပွဲစဉ်များကို လက်ခံကစားခွင့်ရရှိထားသော်လည်း အိမ်ကွင်းစီမံကိန်းအားလုံးရာနှုန်းပြည့်ပြီးစီးခြင်းမရှိသေးဘဲ ကွင်းခေါင်မိုးများနှင့် တခြားပွဲကြည့်စင်များတွင် ဆောင်ရွက်မှုအပြီးသတ်ရန် ကျန်ရှိနေသေးကြောင်း သိရသည်။ *Ref;Marca*

# ဘောလုံးလောကတွင် တစ်နှစ်လျှင် ပြိုင်ပွဲစုံ သွင်းဂိုး ၄၀ နှင့်အထက်သွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် စီရော်နယ်ဒိုမှတ်တမ်းဝင်



ရီယက် ဒီဇင်ဘာ ၃၀

အယ်နာဆာအသင်း ဝါရင့်တိုက်စစ်ကစားသမား စီရော်နယ်ဒိုသည် ဘောလုံးလောကတွင် ၁၄ နှစ်အတွင်း တစ်နှစ်လျှင် ပြိုင်ပွဲစုံ သွင်းဂိုး ၄၀ နှင့်အထက် သွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

စီရော်နယ်ဒိုသည် အသက် ၄၁ နှစ်အရွယ်ရှိနေပြီဖြစ်သော်လည်း ယခုနှစ်အတွင်းကစားသည့်ပွဲစဉ်များတွင် ပြိုင်ပွဲစုံ သွင်းဂိုး ၄၀ ပြည့်မြောက်ပြီးနောက် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် တစ်နှစ်လျှင် သွင်းဂိုး ၄၀ နှင့်အထက်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိဘောလုံးလောကတွင် စံချိန်မှတ်တမ်းကောင်းများစွာကိုရရှိထားသည့် စီရော်နယ်ဒိုသည် ယခုအခါတွင်လည်း စံချိန်မှတ်တမ်းကောင်းတစ်ခုကို ထပ်မံရရှိခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင်သာ သွင်းဂိုး ၄၀ မပြည့်ခဲ့ခြင်းဖြစ်ပြီး ကျန်နှစ်များတွင် သွင်းဂိုး ၄၀ နှင့်အထက်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ၂၀၁၀ ပြည့်နှစ်က ၄၈ ဂိုး၊ ၂၀၁၁ ခုနှစ်တွင် သွင်းဂိုး ၆၀၊ ၂၀၁၂ ခုနှစ်တွင် ၆၃ ဂိုး၊ ၂၀၁၃ ခုနှစ်တွင် ၆၉ ဂိုး၊ ၂၀၁၄ ခုနှစ်တွင် ၆၁ ဂိုး၊ ၂၀၁၅ ခုနှစ်တွင် ၅၇ ဂိုး၊ ၂၀၁၆ ခုနှစ်တွင် ၅၅ ဂိုး၊ ၂၀၁၇ ခုနှစ်တွင် ၅၃ ဂိုး၊ ၂၀၁၈ ခုနှစ်တွင် ၄၉ ဂိုး၊ ၂၀၂၀ ပြည့်နှစ်တွင် ၄၄ ဂိုး၊ ၂၀၂၁ ခုနှစ်တွင် ၄၇ ဂိုး၊ ၂၀၂၃ ခုနှစ်တွင် ၅၄ ဂိုး၊ ၂၀၂၄ ခုနှစ်တွင် ၄၃ ဂိုးနှင့် ယခုနှစ်တွင် သွင်းဂိုး ၄၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ယခုဘောလုံးရာသီတွင် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ၌ အယ်နာဆာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး ၁၀ ပွဲ ကစားပြီးချိန်တွင် ၁၂ ဂိုးသွင်းယူထားကာ အသင်းဖော် ဂျာအိုဖီးလစ်နှင့်အတူ သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ထိပ်ဆုံး၌ရပ်တည်လျက်ရှိသည်။

အယ်နာဆာအသင်းသည်လည်း ယခုဘောလုံးရာသီတွင် ရလဒ်များဆက်တိုက်ကောင်းမွန်နေပြီး ဆော်ဒီပရိုလိဂ် ၁၀ ပွဲကစားအပြီးတွင် ၁၀ ပွဲစလုံးအနိုင်ရရှိထားကာ အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင်လည်း ရာသီအစ ၁၀ ပွဲဆက်အနိုင်ရရှိသည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။ *Ref;B/R Football*

# လိုက်ပဇစ်အသင်းက ဒီယိုမန်ဒီအတွက် ပြောင်းရွှေ့ကြေးကို ယူရိုသန်း ၁၀၀ သတ်မှတ်

ဘာလင် ဒီဇင်ဘာ ၃၀

လိုက်ပဇစ်အသင်းက အသင်းမှ လူငယ်တိုက်စစ်ကစားသမား ဒီယိုမန်ဒီအတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၁၀၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။

အသက် ၁၉ နှစ်အရွယ် ဒီယိုမန်ဒီသည် ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက လီဂါနက်စ်အသင်းမှ လိုက်ပဇစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီတွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနေသူဖြစ်သည်။

စပါးအသင်းက လာမည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းတိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းရန်ကြိုးပမ်းနေပြီး အစောပိုင်းက ဘုန်းမောက်အသင်းမှ တိုက်စစ်ကစားသမား ဆီမီညိုအား ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း ဆီမီညိုကိုယ်တိုင်က ကမ်းလှမ်းမှုများကို ပယ်ချခဲ့သည့်အတွက် ယခုအခါ ဒီယိုမန်ဒီအားခေါ်ယူရန် ကြိုးပမ်းလာခဲ့ခြင်းဖြစ်သည်။

လိုက်ပဇစ်အသင်းကလည်း စပါးအသင်းက ၎င်းတို့အသင်းတိုက်စစ်ကစားသမားကို ခေါ်ယူရန်ကြိုးပမ်းနေသည့်အတွက် မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ပြောင်းရွှေ့ကြေးယူရို သန်း ၁၀၀ သတ်မှတ်ထားကြောင်း သိရသည်။

*Ref;The Athletic*

❒ **ကျောဖုံးမှအဆက်**

ရတနာပုံအသင်းသည် ကိုးပွဲကစားအပြီး ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၁၇ မှတ်ဖြင့် အဆင့်(၃)တွင်ရပ်တည်နေပြီး ဒဂုံစတားယူနိုက်တက်အသင်းသည် ကိုးပွဲကစားအပြီး လေးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၁၅ မှတ်ဖြင့် အဆင့်(၄)နေရာတွင်ရပ်တည်နေရာ အဆင့်အထက်အောက်ရပ်တည်နေသည့် အသင်းနှစ်သင်းလည်းဖြစ်သည်။

ပထမပိုင်းပွဲစသည်နှင့် တိုက်စစ်အားကောင်းသည့် ဒဂုံစတားယူနိုက်တက်အသင်းက ပွဲကိုလျင်လျင်မြန်မြန်ကစားခဲ့ပြီး ပြိုင်ဘက်ဂိုးဧရိယာအတွင်း ဂိုးခြိမ်းခြောက်မှုများပြုလုပ်နိုင်ခဲ့ပေမယ့် တန်ပြန်တိုက်စစ်ကောင်းသည့် ရတနာပုံအသင်းတိုက်စစ်မှူး ပြည်မိုးက ဦးဆောင်ဂိုးသွင်းယူသွားခဲ့သည်။ တိုက်စစ်ဆင်ကစားနိုင်ခဲ့ပေမယ့် ဦးဆောင်ဂိုးပေးလိုက်ရသည့် ဒဂုံစတားအသင်း ချေပဂိုးရရှိရေး အပေးအယူအချိတ်အဆက်မိမိဖြင့် ကစားနိုင်ခဲ့၍ ဒဂုံစတားအသင်းအတွက်ချေပဂိုးကို ရန်ကျော်ထွေးက ပြန်လည်သွင်းယူနိုင်ခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် အကြိတ်အနယ်ဖြစ်ခဲ့သည်။

နိုင်ပွဲရလိုမှုဖြင့် နှစ်ဖက်အသင်းကစားသမားများ တွန်းတွန်းတိုက်တိုက်ယှဉ်ပြိုင်ကစားကြရင်း ပြစ်ဒဏ်ဘောများလည်း မကြာခဏပေးခံကြရသည်။ ဒဂုံစတားအသင်းက ဘောလုံးပိုင်ဆိုင်မှုယူကာ ပွဲကိုတောက်လျှောက်ဦးဆောင်နိုင်ခဲ့ပေမယ့် တန်ပြန်တိုက်စစ်ကောင်းသည့် ရတနာပုံအသင်းသည် ဘောလုံးရရှိသည်နှင့် အခွင့်အရေးကို အကောင်းဆုံးအသုံးချကစားနိုင်ခဲ့၍ ရတနာပုံအသင်းအတွက် ဒုတိယမြောက်ဂိုးကို မျိုးဇော်ဦးက သွင်းယူပေးခဲ့သည်။ လက်ကျန် ပွဲကစားချိန်များအား အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပေမယ့် ၂ ဂိုး ၁ ဂိုးဖြင့် ပထမပိုင်းပြီးဆုံးသွားခဲ့သည်။

ဒုတိယပိုင်းပြန်စသည်နှင့် ချေပဂိုးရရှိရန် ဒဂုံစတားအသင်း တိုက်စစ်ပိုမြှင့်ကစားလာ၍ ရတနာပုံအသင်း နောက်တန်းခံစစ်ကသတိကြီးကြီးထား၍ ရှင်းလင်းဖျက်ထုတ်နေကြရသည်။ ခံစစ်ကိုအားဖြည့်နေရ၍ တန်ပြန်တိုက်စစ်သည်လည်း အားလျော့လာသည်။ ဒဂုံစတားအသင်း၏တရစပ်ဖိအားပေးတိုက်စစ်ကြောင့် ရတနာပုံအသင်းကစားသမားများဖျက်ထုတ်ရင်း ကိုယ့်ဂိုးကိုယ်သွင်းမိသွား၍ တစ်ဖက်နှစ်ဂိုးစီဖြင့် ပြိုင်ပွဲက ပိုကြည့်ကောင်းလာသည်။ ကျန်ရှိသည့် ပွဲကစားချိန်များအား နှစ်ဖက်အသင်းကစားသမားများ ဦးဆောင်ဂိုးထပ်မံရရှိရေး အကြိတ်အနယ်ယှဉ်ပြိုင်ကြိုးစားခဲ့ကြပေမယ့် ရလဒ်မပြောင်းလဲဘဲ တစ်ဖက်နှစ်ဂိုးစီဖြင့် ပြိုင်ပွဲပြီးဆုံးသွားခဲ့သည်။

ပွဲစဉ်(၁၀)ပြိုင်ပွဲ၏ အခြားပွဲစဉ်တစ်ပွဲဖြစ်သည့် ဒဂုံပေ့ါအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်မှုတွင်လည်း တစ်ဖက်သုံးဂိုးစီဖြင့် သရေကျခဲ့ကြောင်း သိရသည်။

ဝန်းရံခ

၁ **နှစ်သစ်ကူးပွဲတော်မှ**

DJ များဖြင့်တွဲဖက်၍ နိုင်ငံကျော်အဆိုတော်များဖြစ်ကြသော အိမ့်ချစ်၊ ဟဲလေး၊ ဂျူဝယ်၊ ကေကေမိုး၊ မိစန္ဒီ၊ နီနီခင်ဇော်၊ ဖြိုးပြည့်စုံ၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း၊ ဝိုင်းစုခိုင်သိန်းနှင့် ရဲလေးတို့က ပရိသတ်အကြိုက် တေးသီချင်းများဖြင့်သီဆိုဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာပြည်သူများက စည်းချက်အလိုက် ပျော်ရွှင်စွာလိုက်ပါသီဆို၍ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

ထို့အတူ ဖျော်ဖြေရေးကွင်းအတွင်း၌ စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များ၊ ဒေသထွက်ကုန်များနှင့် ဒေသအစားအစာများကို ဝယ်ယူစားသုံးကြသည့် ဖျော်ဖြေပွဲလာပြည်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် အပျော်တမ်းဂိမ်းကစားကြသူများ၊ ချားရဟတ်စီးကြသူများ၊ Photo Booth များတွင် အမှတ်တရအလှဓာတ်ပုံရိုက်ကြသူများဖြင့် အထူးစည်ကားလျက်ရှိပြီး ဒီဇင်ဘာလ ၃၁ ရက်ညတွင် နိုင်ငံကျော်အဆိုတော်များဖြစ်ကြသော ရဲရင့်အောင်၊ ဂျေဖိုင်းယားတို့နှင့်အတူ အနွေ့ရ၊ AZALEA DANCER GROUP၊ ICE COLD၊ ဂျူနီယာချစ်ကောင်း၊ ခိုင်မြဲသစ္စာ၊ နောနော်နှင့် ဖြိုးကြီးတို့က ည ၁၂ နာရီအထိ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်ကြောင်းနှင့် ည ၁၂ နာရီတိတိတွင် Happy New Year ဟု တညီတညွတ်တည်း သံပြိုင်ဟစ်ကြွေးကြကာ မီးရှူးမီးပန်းများ ပစ်ဖောက်၍ ၂၀၂၆ ခုနှစ် နှစ်သစ်ကူးအခါသမယကို ပျော်ရွှင်စွာကြိုဆိုကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဖိုးနိုင်(မြဝတီ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဧရာဝတီတိုင်းဒေသကြီးမှ အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီချမှတ်

နေပြည်တော် ဒီဇင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီးမှ အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ပို့ဆောင်ရောင်းစားရန်စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်နေ မ ----၊ ၃၂ နှစ်သည် ဟိုင်းကြီးကျွန်းမြို့၊ အမှတ် (၂) ရပ်ကွက်နေ အစ်မတစ်ဝမ်းကွဲတော်စပ်သူ ထမင်းချက်အကူလုပ်ကိုင်နေသည့်နေအိမ်သို့ သားသမီးသုံးဦးနှင့်အတူ သွားရောက်လည်ပတ်ခဲ့ရာ အဆိုပါနေအိမ်တွင် အိမ်အကူအလုပ်လုပ်ကိုင်နေသည့် မဇူလိုင်မိုးနှင့် ခင်မင်ရင်းနှီးပြီး မဇူလိုင်မိုးက နေပြည်တော်တွင် ကလေးထိန်းသည့် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် လေးသိန်းငါးသောင်းကျပ်ရမည်၊ လမ်းစရိတ်များကို ရန်ကုန်မြို့နေ မသန္တာအောင်(ခ)အငယ်မမှ အကုန်အကျခံပေးမည်ဟု စည်းရုံးပြောဆိုပြီး တစ်ရပ်ကွက်တည်းနေ မခင်သန်းဝင်း(ခ)အကြီးမနေအိမ်သို့ ခေါ်ဆောင်သွားခဲ့သည်။

ထို့နောက် မခင်သန်းဝင်း(ခ)အကြီးမက ဓာတ်ပုံများရိုက်ယူပြီး အိမ်အကူလုပ်လျှင် လှလှပပနေရန်နှင့် သားသမီးများကို ရွာသို့ပြန်ပို့ရန်လိုကြောင်း ပြောဆိုခဲ့သဖြင့် ရွာသို့ပြန်ပို့ခဲ့ကြောင်း၊ မဇူလိုင်မိုးက ယင်းအမျိုးသမီးကို ရန်ကုန်မြို့၊ ပုဇွန်တောင်ဈေးရှိ မသန္တာအောင်(ခ) အငယ်မထံ ပို့ဆောင်ခဲ့ပြီး မသန္တာအောင်(ခ)အငယ်မက ရန်ကုန်-မန္တလေး-မူဆယ်မြို့သို့ အဆင့်ဆင့်ပို့ဆောင်ကာ မူဆယ်မြို့ တရားမဝင်ခိုးပေါက်မှတစ်ဆင့် တရုတ်နိုင်ငံ၊ ရွှေလီမြို့ရှိ နေအိမ်တစ်အိမ်သို့ ပို့ဆောင်ခဲ့ကြောင်း၊ ယင်းအမျိုးသမီးကို အိမ်ရှင်တရုတ်အမျိုးသမီးက တရုတ်အမျိုးသားနှင့် လက်ထပ်ယူရမည်၊ မယူပါက လမ်းစရိတ် ယွမ် ၅၀၀၀ ပြန်လည်ပေးလျော်ရမည်ပြောရာ ငြင်းဆန်သဖြင့် အခန်းတစ်ခုတွင် သော့ခတ်ပိတ်လှောင်၍ ရိုက်နှက်နှိပ်စက်ခဲ့ကြောင်း၊ ငါးရက်ခန့်အကြာ တစ်အိမ်တည်းနေ မြန်မာအမျိုးသမီးတစ်ဦးက သော့ဖွင့်ပေး၍ ထွက်ပြေးရန်ပြောသဖြင့် ထွက်ပြေးခဲ့ရာ ရွှေလီမြို့ရှိ ရဲစခန်းတစ်ခုသို့ ရောက်ရှိပြီး မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခြင်းခံရကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်အရ ဘဝရပ်တည်ရန်ခက်ခဲသည့် မြန်မာအမျိုးသမီးကို ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူ၍ တရုတ်အမျိုးသားထံပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို အမှတ်(၇)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ပုသိမ်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းနယ်မြေရဲစခန်း (ပ)၈၃/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဒီဇင်ဘာလ ၂၉ ရက်တွင် ပုသိမ်ခရိုင်တရားရုံးမှ ဖမ်းမိ တရားခံ မဇူလိုင်မိုး၊ မခင်သန်းဝင်း(ခ) အကြီးမတို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကာ တိမ်းရှောင်တရားခံ မသန္တာအောင်(ခ)အငယ်မကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၁၂-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၃၅ | ၂၅၅၀ | ၂၅၁၅ | ၂၄၅၀ | ၂၅၅၅ | ၂၅၇၀ | ၂၅၈၅ | ၂၅၀၅ | ၄၅၀၅ | ၂၈၀၀ | ၂၅၂၀ | ၂၆၃၀ | ၂၅၉၅ | ၂၅၆၀ | ၂၅၈၀ | ၂၈၄၀ |
| 95 Ron | ၂၄၆၀ | ၂၅၇၅ | ၂၅၄၀ | ၂၄၇၅ | ၂၅၈၀ | ၂၅၉၅ | ၂၆၁၅ | ၂၅၃၀ | ၄၅၆၀ | ၂၈၂၅ | ၂၅၅၀ | ၂၆၅၅ | ၂၆၂၀ | ၂၅၈၅ | ၂၆၀၅ | ၂၈၆၅ |
| HSD (500 ppm) | ၂၁၄၀ | ၂၂၅၅ | ၂၂၂၀ | ၂၁၅၅ | ၂၂၆၀ | ၂၂၇၅ | ၂၂၉၅ | ၂၂၁၅ | - | ၂၅၀၅ | ၂၂၃၀ | ၂၇၇၅ | ၂၃၀၀ | ၂၂၆၅ | ၂၂၉၀ | ၂၅၄၅ |
| HSD (50 ppm) | ၂၅၈၅ | ၂၆၉၅ | ၂၆၆၅ | ၂၆၀၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၃၅ | ၂၆၅၅ | ၄၈၃၀ | ၂၉၄၅ | ၂၆၇၀ | ၂၇၉၀ | ၂၇၄၅ | ၂၇၀၅ | ၂၇၃၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၅၈၅ | ၂၆၉၅ | ၂၆၆၅ | ၂၆၀၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၃၅ | ၂၆၅၅ | - | ၂၉၄၅ | ၂၆၇၀ | ၂၇၉၀ | ၂၇၄၅ | ၂၇၀၅ | ၂၇၃၀ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၈၀ | ၂၃၅၉ |
| 95 Ron | ၂၃၀၅ | ၂၃၈၅ |
| HSD (500 ppm) | ၁၉၉၇ | ၂၀၆၇ |
| HSD (50 ppm) | ၂၄၂၄ | ၂၅၀၂ |
| HSD (10 ppm) | ၂၄၂၄ | ၂၅၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**
ထက်ဝေလွင်(ဘ)ဦးတင်မောင်သိန်း ၁၂/ဥကမ(နိုင်)၂၄၂၄၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကျန်ဟိုက်ဆန်း(ဘ)ဦးကျန်ကျိန်းယုန် ၁၃/ကလတ(နိုင်)၀၄၅၅၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အေးသူဇာ(ဘ)ဦးကိုဝင်း ၇/မညန(နိုင်)၁၁၀၀၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အောင်မြင့်ဦး(ဘ)ဦးတင်စိန် ၈/ခမန(နိုင်)၁၂၁၆၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး**

## ပြင်ဦးလွင်ကော်ဖီစီမံကိန်းမြေများ ရောင်းခွန်၊ ဝယ်ခွန်ပေးဆောင်ရန် ကျန်ရှိနေသူများသို့ အသိပေးကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်ဒေသ ကော်ဖီစီမံကိန်းမြေ မြေလွတ်၊ မြေလပ်၊ မြေရိုင်းမြေနှင့် သစ်တောမြေများအတွင်း ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်အား စာချုပ်ပါစည်းကမ်းနှင့်အညီ စာချုပ်ချုပ်ဆို၍ ခွင့်ပြုပေးခဲ့ရာ အချို့သောလုပ်ငန်းရှင်များသည် မိမိသဘောဆန္ဒအလျောက် ရောင်းချ/ဝယ်ယူခြင်းများ ပြုလုပ်ခဲ့ကြသဖြင့် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်း အရှိန်အဟုန်မပျက်စေရေး ရည်ရွယ်ကာ အထူးကိစ္စတစ်ရပ်အနေဖြင့် ရောင်းခွန်၊ ဝယ်ခွန်ပေးဆောင်ခြင်းအား ခွင့်ပြုကြောင်း သတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် စိစစ်ချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယခုအချိန်တိုင်အောင် သတ်မှတ်အခွန်အခများအား တာဝန်မဲ့စွာ ပေးဆောင်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်–

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် |
|---|---|---|---|---|---|
| ၁ | ဒေါ်ခင်ဆွေဦး | ၁၃/ကရန(နိုင်)၀၇၉၈၅၀ | ၁၄ | ဒေါ်ရှယ်လီမြင့် | ၁၂/ဒဂန(နိုင်)၀၀၄၀၈၆ |
| ၂ | ဒေါ်နန်းခင်စိန် | ၁၃/လရက(နိုင်)၁၃၁၆၁၆ | ၁၅ | ဒေါ်သော်သော်ဇင်စိုး | ၁၂/ကတတ(နိုင်)၀၂၈၃၄၆ |
| ၃ | ဒေါ်ရန်ကိုင်ဇော် | ၁၃/ကလတ(နိုင်)၀၁၇၈၂၆ | ၁၆ | ဒေါ်အိအိဖြိုးမြင့် | ၈/မကန(နိုင်)၁၅၀၀၉၇ |
| ၄ | ဦးဇေယျာညွန့် | ၁၂/ဗတထ(နိုင်)၀၀၀၆၅၆ | ၁၇ | ဒေါ်အေးမွန်မွန်ကို | ၁၁/မပတ(နိုင်)၀၀၁၁၂၄ |
| ၅ | ဦးမင်းနိုင် | ၇/တကခ(နိုင်)၁၃၈၁၅၈ | ၁၈ | ဦးကျော်မျိုးနိုင်၊ စစ်မှုထမ်း(ငြိမ်း) | ၁၂/သလန(နိုင်)၀၁၁၁၁၀ |
| ၆ | ဦးမင်းမင်း | ၉/မရမ(နိုင်)၀၅၃၂၃၀ | ၁၉ | ဦးကျော်မြင့် | ၉/မမန(နိုင်)၀၃၈၈၀၃ |
| ၇ | ဦးလှစိုးဦး | ၅/စကန(နိုင်)၁၅၁၈၅၆ | ၂၀ | ဦးကျော်လွင်၊ စစ်မှုထမ်း(ငြိမ်း) | ၁၄/ပသန(နိုင်)၀၁၀၀၀၈ |
| ၈ | ဒေါ်ကံတာစိန်ကျော် | ၅/တစန(နိုင်) ၀၅၇၇၁၇ | ၂၁ | ဦးကျော်သန်းစိုး | ၁၂/တကန(နိုင်)၁၀၀၁၁၂ |
| ၉ | ဒေါ်ခင်သန်းဆွေ | ၁၂/ဗဟန(နိုင်)၀၄၇၆၄၈ | ၂၂ | ဦးခင်ဇော် | ၉/မနမ(နိုင်)၀၅၉၄၂၅ |
| ၁၀ | ဒေါ်စုသက်မြင့် | ၁၃/ကမန(နိုင်)၁၅၀၀၉၆ | ၂၃ | ဦးငွေထွန်း၊ စစ်မှုထမ်း(ငြိမ်း) | ၁၁/သတန(နိုင်)၀၀၇၆၂၄ |
| ၁၁ | ဒေါ်မိမိခိုင် | ၁၂/ပမန(နိုင်) ၀၈၃၈၅၃ | ၂၄ | ဦးစိန်လှိုင် | ၁၂/မရက(နိုင်)၀၀၈၂၂၃ |
| ၁၂ | ဒေါ်ရင်မာသန့် | ၁၂/ပဘတ(နိုင်)၀၁၃၁၂၆ | ၂၅ | ဦးစိန်အောင်၊ စစ်မှုထမ်း(ငြိမ်း) | ကြည်း–၁၁၇၀၄ |
| ၁၃ | ဒေါ်ရွှေမာ | ၉/ဝတန(နိုင်)၁၀၀၂၅၉ | ၂၆ | ဦးစိုးမင်း၊ စစ်မှုထမ်း(ငြိမ်း) | ၁၂/မဘန(နိုင်)၀၀၂၁၈၀ |
| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် |
| ၂၇ | ဦးဇော်လင်းငြိမ်း | ၇/ရတန(နိုင်)၀၂၆၂၇၀ | ၄၂ | ဦးလင်းအောင်၊ စစ်မှုထမ်း(ငြိမ်း) | ISN – 557814 |
| ၂၈ | ဦးတင့်လွင် | ၉/မမန(နိုင်)၀၇၃၇၃၃ | ၄၃ | ဦးဝင်းကြည် | ၉/လဝန(နိုင်)၀၁၁၅၇၉ |
| ၂၉ | ဦးတင်အေး | HZA–၀၂၈၁၇၈ | ၄၄ | ဦးဝင်းလွင်ထွန်း | ၉/မမန(နိုင်) ၀၈၆၇၈၀ |
| ၃၀ | ဦးတိုးဝင်း | ကေဂျီအဲန်–၀၂၅၃၉၄ | ၄၅ | ဦးသန်းငွေ | ပီဝိုင်ယူ – ၀၀၈၇၂၂ |
| ၃၁ | ဦးထက်ဦးလွင် | ၁၂/ကတတ(နိုင်)၀၃၁၂၀၈ | ၄၆ | ဦးသန်းငွေ | ၁၂/စခန(နိုင်)၀၅၃၉၈၁ |
| ၃၂ | ဦးထွန်းထွန်း၊ စစ်မှုထမ်း(ငြိမ်း) | ၁၂/ဥကတ(နိုင်)၁၂၆၉၄၇ | ၄၇ | ဦးသိန်းဇော် | ၁၂/ဥကတ(နိုင်)၁၄၀၀၈၆ |
| ၃၃ | ဦးထွန်းထွန်းဦး | MGDN–၀၁၆၉၃၈ | ၄၈ | ဦးသိန်းငွေ၊ စစ်မှုထမ်း(ငြိမ်း) | ကြည်း–၂၃၉၃၉ |
| ၃၄ | ဦးဖြိုးမောင်မောင်ဝင်း | ၉/ပဥလ(နိုင်)၀၀၄၉၃၄ | ၄၉ | ဦးသိန်းနိုင် | ၈/မမန(နိုင်)၁၀၆၂၁၃ |
| ၃၅ | ဦးမျိုးမြင့် | MUN–၀၀၉၀၁၉ | ၅၀ | ဦးသောင်းနိုင်ဦး | ၉/စကတ(နိုင်)၀၃၂၄၆၇ |
| ၃၆ | ဦးမျိုးဝင်းငြိမ်း | ၁၂/မရက(နိုင်)၁၂၂၀၇၀ | ၅၁ | ဦးအုန်းမြင့် | ၁၂/ဥကတ(နိုင်)၁၀၁၅၃၈ |
| ၃၇ | ဦးမြင့်ဆွေ | ၁၂/အစန(နိုင်)၀၁၇၇၄၁ | ၅၂ | ဦးအောင်ကျော် | ၅/မရန(နိုင်)၀၂၆၀၈၁ |
| ၃၈ | ဦးမြင့်မောင်မောင် | ၉/မရတ(နိုင်)၀၉၄၆၁၇ | ၅၃ | ဦးအောင်ကျော်လှိုင်၊စစ်မှုထမ်း(ငြိမ်း) | ၁၂/မဘန(နိုင်)၁၁၄၁၀၇ |
| ၃၉ | ဦးမြတ်ထွန်း | ၁၃/တကန(နိုင်)၁၃၄၀၁၉ | ၅၄ | ဦးအောင်ဇော်လင်း | ၉/မထလ(နိုင်)၀၀၇၈၁၃ |
| ၄၀ | ဦးရန်လင်း | ၉/ပမန(နိုင်)၀၈၃၈၅၃ | ၅၅ | ဦးအောင်သိန်းထွန်း | ORGN/၀၀၂၀၉၆ |
| ၄၁ | ဦးရဲမောင် | ၁၃/သပန(နိုင်)၀၀၅၅၅၆ | ၅၆ | ဦးသိန်းဝင်းဇော် | ၁/မညန(နိုင်)၀၇၀၅၂၇ |

၃။ သို့ဖြစ်ပါ၍ ရောင်းခွန်၊ ဝယ်ခွန်ပေးဆောင်ရန် ကျန်ရှိသူများအနေဖြင့် ၁၅–၁–၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ ရောင်းခွန်၊ ဝယ်ခွန်ပေးဆောင်ကြရန်နှင့် ပျက်ကွက်ပါက ဝန်ကြီးဌာန စီမံခန့်ခွဲရေးနည်းလမ်းအရ နာမည်ပျက်စီးပွားရေးလုပ်ငန်းရှင်စာရင်း ရေးသွင်းသွားမည်ဖြစ်ကြောင်း အသိပေးပါသည်။

၄။ ရောင်းခွန်၊ ဝယ်ခွန်ပေးဆောင်ရန် ကျန်ရှိနေသေးသော လုပ်ငန်းရှင်စာရင်းအား ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး စုံစမ်းမေးမြန်းလိုသည်များရှိပါက ခရိုင်ဦးစီးမှူး၊ ပြင်ဦးလွင်ခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာန (ဖုန်း ၀၉–၄၄၄၀၂၂၆၁၂) သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

### တစ်ဦးတည်းဖြစ်ပါကြောင်း
လှိုင်ကော်မြို့၊ မထောခူအုပ်စု၊ လောပိတစံပြုနေ မနန်းခမ်း ၂/လကန(နိုင်)၀၉၉၄၆၇၏ဖခင် ဦးအာရိယော်နှင့် ဦးသန်းထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးအာရိယော်(ခ)ဦးသန်းထွန်း**

### ပျောက်ဆုံးကြောင်း
အောင်ခန့်မင်း(ဘ)ဦးစိုးမြင့် ၈/ရနခ(နိုင်)၁၅၁၇၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
တင်မောင်အေး(ဘ)ဦးခင်ကြိုင် ၈/သရန(နိုင်)၀၅၅၃၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
အောင်သိန်းထွန်း(ဘ)ဦးအောင်မြင့်၁၂/ဥကမ(နိုင်)၁၈၁၂၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 366105)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
သွန်းနဒီ(ဘ)ဦးညီမင်းထိုက် ၁၂/မဂတ(နိုင်)၁၁၀၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 229798)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ငွေဝင်း(ဘ)ဦးဟန်စိန် ၈/မကန(နိုင်)၁၂၈၃၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
နှင်းနှင်းဝေ(ဘ)ဦးစံသိန်း ၇/ဒဥန(နိုင်)၁၉၅၁၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၆၉၀၈၇၅၆၂၂**

### ပျောက်ဆုံးကြောင်း
သန်းသန်းဦး(ဘ)ဦးသန်းလွင် ၅/ယမပ(နိုင်)၀၉၆၄၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
စောမြအောင်ဝင်း(ဘ)ဦးတင်အေး ၃/ဘအန(နိုင်)၂၇၂၆၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 970896)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
စိုးထက်မောင်(ဘ)ဦးစိုးမြင့် ၁၂/ဥကတ(နိုင်)၁၆၂၄၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၇၅၅၀၁၅၀၉၄**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ အင်္ဂလိပ်စာ(အထူးပြု)၂၀၂၅ ပညာသင်နှစ်၊ စအ–၈၀(၀၂၆)ဖြင့် ဖြေဆိုအောင်မြင်ထားသော မကြည်လဲ့စံ၏ဖခင် ဦးသောင်းစံနှင့် ဦးကောင်းစံမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးသောင်းစံ(ခ)ဦးကောင်းစံ**

### ပျောက်ဆုံးကြောင်း
ဝေဖြိုးအောင်(ဘ)မာမက်ယူစွပ်(ခ)အောင်မြင့် ၁၂/သဃက(နိုင်)၂၁၇၅၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၇၈၁၇၇၂၅၀၀**

### ပျောက်ဆုံးကြောင်း
ချောကေခိုင်(ဘ)ဦးလှသောင်း ၁၂/သကတ(နိုင်)၁၅၉၁၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 366106)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
မေမြတ်သူ(ဘ)ဦးမောင်မောင်စိုး ၇/ဇကန(နိုင်)၀၇၀၈၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 725736)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ရဲမင်းထွန်း(ဘ)ဦးမြင့်ကြိုင် ၈/အလန(နိုင်)၁၈၁၅၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
အရှင်ဉာဏုတ္တရ(ဘ)ဦးအောင်မောင်း ၇/ပခန(သ)၀၀၄၃၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 002823)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၉၇၄၈၀၅၃၂၇**

### အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်နေ အဘ ဦးထွန်းနိုင် ၈/ပမန(နိုင်)၁၀၄၁၈၃ ၏သမီး လဝင်းခေတ်၏ အမည်မှန်မှာ လဝန်းခေတ်(၂၅–၁၀–၂၀၁၇) ဖြစ်ပါကြောင်း။ **လဝန်းခေတ်**

### ပျောက်ဆုံးကြောင်း
နန့်ဇာဇာချို(ဘ)ဦးစိုးမိုးဝင်း ၁၄/ဝခမ(နိုင်)၂၇၃၆၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
နှင်းဝတ်ရည်ဦး(ဘ)ဦးလှစိန် ၁၂/ဥကမ(နိုင်)၂၂၁၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ **ဖုန်း–၀၉–၆၉၅၆၅၈၅၃၀**

### ပျောက်ဆုံးကြောင်း
နွယ်နွယ်ဝင်း(ဘ)ဦးသိန်းဖေဝင်း ၁၂/သဃက(နိုင်)၁၄၆၈၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၄၃၀၂၅၆၂၄**

### ပျောက်ဆုံးကြောင်း
ဖွဲ့ပြည့်စုံ(ဘ)ဦးအောင်ဝင်း ၁၂/ဒလန(နိုင်)၀၈၆၉၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၇၈၈၆၁၀၁၆၅**

### ပျောက်ဆုံးကြောင်း
ဦးသန်းထွေး(ဘ)ဦးစောဂျော်နီ ၁၂/မရက(နိုင်)၀၂၂၂၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၉၇၃၂၇၃၆၀၆**

### ပျောက်ဆုံးကြောင်း
ထူးထူးအောင်(ဘ)ဦးအုန်းဟန် ၇/ကပက(နိုင်)၁၀၀၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၆၈၁၂၄၉၇၀၃**

### ပျောက်ဆုံးကြောင်း
ကျော်သီဟ(ဘ)ဦးကျော်မြင့် ၁၂/လမန(နိုင်)၁၇၄၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၄၂၀၀၆၀၁၀၄**

### ပျောက်ဆုံးကြောင်း
ကျော်အေး(ဘ)ဦးကျော်ထွန်း ၁၁/ရဗန(နိုင်)၀၃၉၁၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၈၉၀၆၀၈၈၄၅**

### ပျောက်ဆုံးကြောင်း
ခင်လေးမူ(ဘ)ဦးအောင်ခိုင် ၁၂/မဘန(နိုင်)၁၂၀၇၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၄၅၁၁၇၅၉၀၈**

### ပျောက်ဆုံးကြောင်း
ကေခိုင်ကျော်(ဘ)ဦးမြတ်နိုင်ထွန်း ၁၃/သပန(နိုင်)၁၀၀၈၂၇ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၆၉၉၄၆၅၀၇၃**

### ပျောက်ဆုံးကြောင်း
တင်ထူးဇော်(ဘ)ဦးတင့်လွင် ၁၂/ဥကတ(နိုင်)၂၁၈၄၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၇၉၆၆၀၀၃၁၅**

### အမည်ပြောင်း
ပဲခူးမြို့၊ အ.ထ.က(၃)ကျောင်း၊ Grade–5(E) တွင် ပညာသင်ကြားနေသော အဘ ဦးအောင်သက်နိုင်၏သား မောင်ဉာဏ်ရောင်လွှမ်းမိုးအား မောင်စစ်လင်းပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်စစ်လင်းပိုင်**

### ပျောက်ဆုံးကြောင်း
ကြည်စိန်(ဘ)ဦးထွန်းအောင် ၁၄/ဘကလ(နိုင်)၀၃၆၅၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၄၄၃၂၀၁၂၀၀**

### ပျောက်ဆုံးကြောင်း
သီတာအောင်(ဘ)ဦးအောင်သန်း ၁၄/ဘကလ(နိုင်)၁၆၃၇၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၄၄၃၂၀၁၂၀၀**

### ပျောက်ဆုံးကြောင်း
မင်းဦး(ဘ)ဦးသိန်းလှိုင် ၉/မခန(နိုင်)၂၉၀၃၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ကျောက်တံခါးမြို့နယ်နေ သူလ်စီး(ဘ)ဦးရမ်းဘီစွန်း ၇/ကတခ(ပြု)၀၀၂၉၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA 993600)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဒိုက်ဦးမြို့နေ မောင်ထူးထူး(ဘ)ဦးသန်းမြင့် ၇/ဒဥန(နိုင်)၁၉၃၂၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဒေးဒရဲမြို့နယ်၊ ကျုံဒတ်အုပ်စု၊ ရေတွင်းကုန်းကျေးရွာနေ သင်းသင်းဝေ(ဘ)ဦးမြဝင်း ၁၄/ဒဒရ(နိုင်)၁၆၂၂၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 920990)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၆၆၄၂၇၆၇၆၆**

### ပျောက်ဆုံးကြောင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ပုဇွန်ဆိပ်ကျေးရွာအုပ်စု၊ ပုဇွန်ဆိပ်ကျေးရွာနေ ဒေါ်ပိုးဖြူသဲ(ဘ)ဦးပိုပို ၉/ပဗသ(နိုင်)၀၁၆၄၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၄၄၉၇၉၂၃၁၁**

### ပျောက်ဆုံးကြောင်း
ညောင်လေးပင်မြို့နေ ဟိန်းကိုကိုအောင်(ဘ)ဦးသိန်းစိုးဦး ၇/ညလပ(နိုင်)၁၉၉၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၄၄၃၁၆၆၈၅၁**

**သစ်တောမှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**


ISO 9001:2008 Cert. No.683099
ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
DAGON
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
YANGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
A.I.B.A GOLD MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE

❖ လူသားချင်းစာနာထောက်ထားမှုအကူအညီများဆိုသည်မှာ သက်သာသွားရုံဖြင့် ရပ်တန့်ပစ်၍ မရ . . .

❖ ယင်းအကူအညီများကို လူမှုကာကွယ်ရေးစနစ်တစ်ခုအတွင်းသို့ ကူးပြောင်းပေးရမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက်နေ့တွင်ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ(Rebuilding Myanmar : Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၀၂၆ ခုနှစ် နှစ်သစ်ကူးပွဲအကြို တေးဂီတဖျော်ဖြေပွဲ တတိယနေ့စည်ကားသိုက်မြိုက်စွာကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၀

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အပန်းပြေပျော်ရွှင်စေရန်၊ စိတ်ခွန်အားသစ်များရရှိနိုင်ရန်၊ နှစ်သစ်ကို သာယာပျော်ရွှင်ချမ်းမြေ့စွာကြိုဆိုနိုင်ရန်ရည်ရွယ်၍ ကျင်းပသည့် ၂၀၂၆ ခုနှစ် နှစ်သစ်ကူးပွဲအကြိုတေးဂီတဖျော်ဖြေပွဲတတိယနေ့ကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ် (၁)နှင့်(၂)တို့၌ကျင်းပရာ ပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ကွင်းပြည့်ကွင်းလျှံပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ယနေ့ညတွင် Lucky Hand Band နှင့်

စာမျက်နှာ ၂၉ ကော်လံ ၄ ➲





# ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲများ စတင်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၀

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲများကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိလေ့ကျင့်ရေးကွင်း(၄)၌ကျင်းပရာ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများနှင့်အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များအဖြစ်

စာမျက်နှာ ၁၇ ကော်လံ ၁ ●

# တိုက်စစ်နှင့်တန်ပြန်တိုက်စစ်အားပြိုင်ပြီး ရတနာပုံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီဖြင့်သရေကျ

ရန်ကုန် ဒီဇင်ဘာ ၃၀

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀) ပြိုင်ပွဲတစ်ပွဲဖြစ်သည့် ရတနာပုံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းက သန်လျင်မြို့ရှိ သီဟဒီပဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တိုက်စစ်နှင့် တန်ပြန်တိုက်စစ်အားပြိုင်ပြီး တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။

စာမျက်နှာ ၂၉ ကော်လံ ၁ ❒



